## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၃၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**စောယုသားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ ၂၁-၅-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယုသားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ညဉ္ဇာစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ NRPC အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရေွးရယ်ရှုမောင်၊ ကယားပြည်နယ်

မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ရန်ကုန်တက္ကသိုလ်ပင်မပြုပြင်ရေးနှင့် အဆင့်မြှင့်တင်ရေးအစည်းအဝေး တက်ရောက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ NRPC အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသပြုပြင်ရေး ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဗိုလ်မှူးကြီးစိုးရွှေ၊ တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးတင်အောင်ဟိန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ဇနီးဖြစ်သူ မီးဖွားရန်။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံ တက်ရောက် ကုသနေပါသဖြင့်၊ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၃၄)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရပြီး ကုန်ထုတ်စခန်း (ယခင်ရဲဘက်စခန်း)များတွင် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်ကြရသည့် အကျဉ်းသားများ၏ တစ်ရက်လုပ်အားခနှုန်းထားများကို (၂၀၀)ကျပ်မှ ပြင်ပတစ်ရက်လုပ်အားခ (၄၈၀၀)ကျပ်၏ သုံးပုံ တစ်ပုံခန့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရပြီး ကုန်ထုတ်စခန်း (ယခင်ရဲဘက်စခန်း)များတွင် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်ကြရသည့် အကျဉ်းသားများ၏ တစ်ရက်လုပ်အားခနှုန်းထားများကို (၂၀၀)ကျပ်မှ ပြင်ပတစ်ရက်လုပ်အားခ (၄၈၀၀)ကျပ်၏ သုံးပုံတစ်ပုံ ခန့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသား လွှတ်တော်မှာ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ကျခံနေရပြီး ကုန်ထုတ်စခန်း (ယခင်ရဲဘက် စခန်း)များမှာ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ရန် အကျဉ်းထောင်အသီးသီးမှ ပြောင်းရွှေ့လုပ်ကိုင် နေကြရတဲ့ ကုန်ထုတ်အကျဉ်းသားများရဲ့ တစ်ရက်လုပ်အားခ(၂၀၀)ကျပ်မှ ပြင်ပတစ်ရက်လုပ်အားခ (၄၈၀၀)ကျပ်ရဲ့ သုံးပုံတစ်ပုံခန့် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော် အတွင်းရှိ အကျဉ်းထောင်(၆၆)ထောင်ရှိ အကျဉ်းသားများဟာ နိုင်ငံ့အနှံ့မှာရှိတဲ့ ကုန်ထုတ်စခန်းများ၊ ကျောက်ထုတ်စခန်းများ၊ စိုက်ပျိုးမွေးမြူရေးစခန်းများသို့ ပြောင်းရွှေ့ပြီး အကျဉ်းဦးစီးဌာနရဲ့ စီမံ ညွှန်ကြားချက်များအတိုင်း သွားရောက်အလုပ်လုပ်ကိုင်ကြရပါတယ်။ ထိုသို့ သွားရောက်အလုပ် လုပ်ကိုင်ကြရာမှာ ပင်ပန်းစွာ အလုပ်လုပ်ကိုင်ကြရပြီး ထိုအလုပ်လုပ်ကိုင်ကြရကြောင်းကို အမျိုးသား လွှတ်တော် ကျွန်တော်တို့ ကော်မတီရဲ့ နိုင်ငံအတွင်းရှိ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများ၊ ကုန်ထုတ်စခန်းများသို့ လေ့လာကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ အကျဉ်းသားများနှင့် ကိုယ်တိုင် ကိုယ်ကျ တွေ့ဆုံမေးမြန်းခြင်းမှ သိရှိခဲ့ရပါတယ်။ အကျဉ်းထောင်များရဲ့ အခြေအနေဟာ ယခင်ကထက်

ပိုမိုကောင်းမွန်သာလွန်ခဲ့ပါသော်လည်း ယနေ့ထက်တိုင် လိုအပ်ချက်များစွာရှိနေပြီး အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဟာ လိုအပ်ချက်တစ်ခု ဖြစ်နေပါသေးတယ်။

ယခုအစိုးရလက်ထက်မှာ အကျဉ်းသားတစ်ယောက်ရဲ့ စားစရိတ်ဟာ ယခင်(၆၀၀)ကျပ်မှ (၁၀၀၀)ကျပ်အထိ တိုးမြှင့်ပေးနိုင်တဲ့ ၄င်းအခြေအနေမျိုးမှ ကုန်ထုတ်စခန်းများမှာ သတ်မှတ်ချက်နှင့်အညီ အလုပ် လုပ်ကိုင်ကြတဲ့အခါမှာတော့ ပြင်ပထက် ပိုမိုပင်ပန်းစွာ အလုပ်လုပ်ကိုင်ကြရတဲ့အတွက် အထူးသဖြင့် ကျောက်ထုတ်စခန်းများမှ အကျဉ်းသားများဟာ သူတို့ရဲ့ ကာယစွမ်းအားကို အပြည့်အဝ အသုံးပြုရတဲ့အခါမှာတော့ ပိုမိုပင်ပန်းပြီး ကိုယ်ခံစွမ်းအားများဟာ တဖြည်းဖြည်း ကျဆင်းလာပြီး လွတ်ရက်ပြည့်တဲ့အခါမှာတော့ ကျန်းမာရေးအရ နလန်မထူနိုင်တဲ့ အခြေအနေကို ရောက်ရှိနိုင်ပါတယ်။ ခန္ဓာကိုယ်အတွင်းရှိ စွမ်းအားများကို ပြန်လည်ဖြည့်ဆည်းနိုင်ဖို့အတွက် တစ်ရက်စားစရိတ် (၁၀၀၀)ကျပ်ဟာ အကျဉ်းသားတစ်ဦးအတွက် များစွာအထောက်အပံ့မဖြစ်နိုင်ခဲ့ပါဘူး။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းသားများရဲ့ လုပ်အားခကို ထိုက်သင့်တဲ့အခကြေးငွေ တိုးမြှင့်ပေးမယ်ဆိုရင်တော့ လုပ်ငန်းခွင်အတွက်လည်း များစွာ အဆင်ပြေနိုင်မယ်လို့ ယူဆမိပါတယ်။ တစ်ရက်လုပ်အားခ (၂၀၀)ကျပ်ဆိုတာကတော့ ယနေ့ခေတ်ကာလနဲ့တော့ မည်သို့မျှ မဖြစ်သင့်တော့ပါဘူး။ ဖြစ်သင့်သည်မှာတော့ လုပ်အားခကို တစ်ရက် (၁၀၀၀)ကျပ်ရဲ့အထက် ထောက်ပံ့ပေးသင့်ပြီး ရရှိတဲ့ငွေ တစ်လမှာ(၃၅၀၀၀)၊ (၄၀၀၀၀)ကျပ်နဲ့ ပြစ်ဒဏ်ကျခံနေရတဲ့ (၃)(၄)နှစ်အတွင်းမှာ စုဆောင်းမိမည်ဆိုပါက ကျပ်(၁၀)သိန်းလောက် စုဆောင်းမိနိုင်ပြီး လွတ်ရက်ပြည့်တဲ့အခါမှာတော့ ထိုစုဆောင်းငွေအချို့နဲ့ ပြင်ပမှာရင်းနှီး စားသောက်နိုင်တဲ့ အခြေအနေတစ်ခုကို ရောက်ရှိနိုင်ပါတယ်။ ထိုကဲ့သို့ အခြေအနေမျိုး မရောက်ရှိဘူးဆိုရင် ၄င်းပုဂ္ဂိုလ်ဟာ ဥပဒေမဲ့ လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိသွားနိုင်တာကိုလည်း သတိပြုရပါလိမ့်မယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ အမျိုးသားလွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအနေနဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တစ်နှစ်ကို(၂)ကြိမ် အမျိုးသားလွှတ်တော် ရေးရာခန်းမဆောင်မှာ တွေ့ဆုံကြတဲ့အခါမှာ နိုင်ငံသားများရဲ့ အခွင့်အရေးတွေအပါအဝင် အကျဉ်းထောင်များအတွင်းမှာရှိတဲ့ အကျဉ်းသားများရဲ့ လုပ်အားခနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတဲ့အခါမှာတော့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများအနေဖြင့် ပြင်ပလုပ်အားခရဲ့ သုံးပုံတစ်ပုံခန့်ကို အကျဉ်းသားများကို ပေးသင့်ကြောင်းကိုလည်း သူတို့ လက်ခံဆွေးနွေးခဲ့ကြပါတယ်။ ထို့အတူ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံတဲ့အခါတုန်းကလည်း အကျဉ်းသားများရဲ့ လုပ်အားခကို ယခုလုပ်အားခမှ ပြင်ပ

လုပ်အားခထက် သုံးပုံတစ်ပုံပေးသင့်ကြောင်းကိုလည်း သဘောထားမှတ်ချက်ပေးခဲ့တယ်လို့လည်း တာဝန်ရှိသူများ ပြောကြားချက်များအရ သိရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ အကျဉ်းထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရတဲ့ ကုန်ထုတ်စခန်းများရှိ အကျဉ်းသားများရဲ့ တစ်ရက်လုပ်အားခ(၂၀၀)ကျပ်မှ ပြင်ပတစ်ရက်လုပ်အားခ (၄၈၀၀)ကျပ်ရဲ့ သုံးပုံတစ်ပုံခန့် တိုးမြှင့်ပေးသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်မှစတင်၍ မည်ကဲ့သို့ မည်မျှတိုးမြှင့် သတ်မှတ်ပေးသွားမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ အဆင့်မီတပ်ဖွဲ့ဖြစ်ရေး မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ အဆင့်မီတပ်ဖွဲ့ဖြစ်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ အဆင့်မီတပ်ဖွဲ့ဖြစ်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အဓိကတာဝန်ယူရတဲ့အဖွဲ့ဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရဲတပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း (၉၀၀၀၀) ကျော်သာ ရှိပြီးတော့ ရဲတပ်ဖွဲ့ဝင်(၁)ဦးက ပြည်သူ(၁၂၀၀)ကျော် (၁၃၀၀)နီးပါးခန့်ကို ထိန်းသိမ်းစောင့်ရှောက်နေရတယ်လို့ သိရှိရပါတယ်။ ရဲတပ်ဖွဲ့ဝင်များရဲ့ လုပ်ငန်းသဘာဝမှာ အခြားဝန်ထမ်းများနဲ့ တူညီမှုမရှိဘဲ (၂၄)နာရီ တာဝန်ထမ်းဆောင်နေရပြီး ပိတ်ရက်မရှိ နေ့စဉ်ရက်ဆက် တာဝန်ထမ်းဆောင်နေကြရသူများဖြစ်ပါတယ်။

ထိုသို့ တာဝန်ထမ်းဆောင်နေရသော်လည်းပဲ ရရှိတဲ့လစာ၊ ရိက္ခာ လုံလောက်မှုမရှိ ရဲဝတ်တန်ဆာ Uniform ကအစ ကိုယ့်ငွေနှင့်ကိုယ် ဝယ်ဝတ်ရ နေထိုင်ရသည့် နေအိမ်လိုင်းခန်းက စုတ်ချာချာ ယိုင်နဲ့နဲ့ ရုံးသုံးပစ္စည်းများမရှိ လုပ်ပိုင်ခွင့်လည်းပေးမထား လုပ်ငန်းသုံးစရိတ်၊ ခရီးစရိတ်တွေ ပြည့်စုံလုံလောက်စွာ ပေးမထား တာဝန်ထမ်းဆောင်ရန် ရဲကားများတွင် ဆီလုံလောက်စွာမရှိ စသည်ဖြင့် အဖက်ဖက်က လိုအပ်ချက်တွေရှိနေကြောင်း သိရှိရပါတယ်။ အောက်ခြေတပ်ဖွဲ့ဝင်များမှာ ကိုယ့်ဘာသာ ဝင်ငွေရှာပြီးတော့ ရဲလုပ်ငန်းတွေ လုပ်နေရကြောင်းနဲ့ ထိုသို့ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့အတွက် ရဲတပ်ဖွဲ့အတွင်း အကျင့်ပျက်ခြစားမှု လာဘ်ပေးလာဘ်ယူမှုများရှိနေပြီး တရားဥပဒေစိုးမိုးမှုမရှိအောင် တွန်းအားပေးသကဲ့ ဖြစ်နေတဲ့အပြင် ရိုးသားမှန်ကန်စွာ ဆောင်ရွက်နေတဲ့ ရဲတပ်ဖွဲ့ဝင်များမှာ စားဝတ်နေရေးကြပ်တည်းမှုကြောင့် မိသားစုဘဝရပ်တည်ရန် ခက်ခဲလာတဲ့အတွက် စိတ်ဓာတ်ကျဆင်းပြီးတော့ ရဲတပ်ဖွဲ့မှ နုတ်ထွက်သူများလည်းရှိလာနေကြောင်း လေ့လာစုံစမ်းသိရှိရပါတယ်။

ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာလွန်ခဲ့တဲ့ ၂၀၁၇ နှစ်အတွင်း ရဲအရာရှိ (၅)ဦး၊ အခြားအဆင့် (၆၁)ဦးစုစုပေါင်း(၆၆)ဦးနဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း အခြားအဆင့် (၂၆)ဦး နုတ်ထွက်ခဲ့ကြောင်းနဲ့ နောက်ထပ်နုတ်ထွက်စာတင်ထားသူများလည်း ရှိနေသေးကြောင်း သိရှိရပါတယ်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသအသီးသီးတွင် နေ့စဉ်နဲ့အမျှ ခိုး၊ ဆိုး၊ လုယက်မှု၊ လူသတ်မှု၊ ဓားပြမှု၊ လောင်းကစားမှုများ လက်သည်မပေါ်သည့် လူသတ်မှုကြီးများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ၊ အုပ်စုဖွဲ့ မင်းမဲ့စရိုက်ဆန်ဆန် ရိုက်ပွဲ၊ ထိုးပွဲ၊ ခုတ်ပွဲများ၊ သစ်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ တရားဥပဒေစိုးမိုးမှုမှာ စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိနေတာ တွေ့ရပါတယ်။

ဖော်ပြပါ အခြေအနေများကြောင့် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားကို တိုးချဲ့ဖွဲ့စည်းရန်နှင့် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၂ မှာ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထူးခြားသည့် လုပ်ငန်းသဘာဝအရ ယင်းတို့နှင့်ပတ်သက်၍ သီးခြားဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များကဲ့သို့ Uniform ဝတ်စုံကစပြီးတော့ ကိုင်ဆောင်တဲ့လက်နက်၊ နေအိမ်လိုင်းခန်း၊ ရရှိသည့် လစာရိက္ခာ၊ အသုံးပြုသည့်ယာဉ် စသည့်လိုအပ်ချက်များကို ပြည့်စုံလုံလောက်စွာ ထောက်ပံ့ရန် လိုအပ်တဲ့အပြင် ရာထူးတိုးမြှင့်မှုနဲ့ လုပ်ပိုင်ခွင့်ပေးမှုရှိမှသာ အဂတိတရားကင်းရှင်းစွာ တာဝန်သိသိ သစ္စာရှိရှိဖြင့် ပေးအပ်ထားတဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြမည်ဖြစ်သလို လူငယ်များအနေဖြင့်လည်း ရဲတပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရန် စိတ်အားထက်သန်ကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါတယ်။

သို့ပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များဟာ နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များကဲ့သို့ စွမ်းရည်မြင့်မားပြီးတော့ အဆင့်မီတပ်ဖွဲ့ဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မည်ကဲ့သို့ သီးခြားဥပဒေ ပြဋ္ဌာန်းဆောင်ရွက်သွားမယ် လစာ၊ ရိက္ခာ၊ Uniform မှစ၍ နေအိမ်လိုင်းခန်းအစုံ ပြည့်စုံကောင်းမွန်ပြီး စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်ခွင့်ရရှိစေရန် မည်ကဲ့သို့ အဆင့်မြှင့်တင် စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် အထက်ပါမေးခွန်း မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု မြင့်မားတိုးတက်လာစေရန် တာဝန်ရှိ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အား ကျား/မဆိုင်ရာ အကဲခတ်မှုဆိုင်ရာအသိပညာပေးရန် (Gender Sensitivity Awareness) အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု မြင့်မားတိုးတက်လာစေရန် တာဝန်ရှိ မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့အား ကျား/မ ဆိုင်ရာ အကဲခတ်မှုဆိုင်ရာအသိပညာပေးရန် (Gender Sensitivity Awareness) အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ပဲ ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှု မြင့်မားတိုးတက်လာစေရန် တာဝန်ရှိသူ မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့အား ကျား/မ ဆိုင်ရာ အကဲခတ်မှုဆိုင်ရာအသိပညာပေးရန် (Gender Sensitivity Awareness) အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အခြေခံအကြောင်းပြချက်များကတော့ တရားဥပဒေစိုးမိုးမှု မြင့်မားမှုအတွက် အဓိကတာဝန်ရှိတဲ့သူတွေဟာ မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့ ပါဝင်တဲ့အတွက်ကြောင့် ပြည်သူ့ရဲတပ်ဖွဲ့များရဲ့ အသိပညာဗဟုသုတတိုးတက်မြင့်မားမှုနဲ့ သတင်းအချက်အလက် သိရှိမှုများသည် ပြည်သူတွေနဲ့ ဆက်ဆံရေးမှာ အလွန်အရေးကြီးတာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အချက်အလက်များအရ မြန်မာနိုင်ငံမှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စများဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလျက်ရှိတာကို တွေ့ရပါတယ်။ ရဲစခန်းကို ရောက်မလာတဲ့ အမှုတွေ၊ ကျေအေးလိုက်ရတဲ့ကိစ္စတွေ တိုင်ကြားရမှန်းမသိတဲ့ အမှုတွေ ဝေးလံ

ခေါင်သီတဲ့ဒေသမှာ ဖြစ်ပွားတဲ့အမှုတွေလည်း များစွာရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမျိုးသမီးရဲမေ၊ ရဲအရာရှိတွေဟာ (၇)ရာခိုင်နှုန်းသာ ရှိတဲ့အတွက်ကြောင့် ရဲစခန်းတိုင်းမှာလည်း အမျိုးသမီးရဲမေ၊ ရဲအရာရှိများ မထားနိုင်တဲ့အတွက်ကြောင့် လိုအပ်တဲ့ဖမ်းဆီးစစ်ဆေးမှုများကို အမျိုးသားရဲဝန်ထမ်းများကသာ အလျဉ်းသင့်သလို ပြုလုပ်နေရကြောင်းလည်း သိရှိရပါတယ်။ တစ်ခါတစ်ရံမှာလည်း တာဝန်ကျရဲတပ်ဖွဲ့ဝင်တွေရဲ့ မှတ်ချက်တွေ ပြုမူလုပ်ဆောင်တာတွေကြောင့် တိုင်ကြားတဲ့လူတွေအတွက် အခက်အခဲရှိတာကိုလည်းတွေ့ရပါတယ်။

ဥပမာအားဖြင့် ရဲတပ်ဖွဲ့တွေရဲ့ မှတ်ချက် အမျိုးသမီးတွေရဲ့ အဝတ်အစားကြောင့် ဒီလိုဖြစ်ရတယ်။ ညဘက်ထွက်လို့ ဒီလိုမျိုး စော်ကားခံရတယ်ဆိုတဲ့ မှတ်ချက်တွေကြောင့် အမှုရဲ့အတိမ်အနက်တွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာလည်း (၅)နှစ်အရွယ်ကလေးငယ်(၁)ဦး လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုကို ရဲစခန်းမှာ သွားရောက်တိုင်ကြားတဲ့အခါမှာ ထိုကလေးငယ်ကို အမျိုးသားရဲဝန်ထမ်းတွေက နေ့ခင်း(၂)နာရီကနေ ည(၈)နာရီအထိ အမှုအခြင်းအရာကို ထပ်ကာထပ်ကာ မေးမြန်းခဲ့တဲ့အတွက်ကြောင့် ကလေးငယ်ရဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့ရကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တတိယလိင်လို့ခေါ်တဲ့ LGBT ဖြစ်စေ လူ့ဂုဏ်သိက္ခာနဲ့အညီ ပြောဆိုဆက်ဆံရမှာ ဖြစ်ပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့များရဲ့ အသိပညာ ဗဟုသုတတိုးတက်မြင့်မားမှုနဲ့ သတင်းအချက်အလက် သိရှိမှုများပြားလာတာနဲ့အမျှ အမျိုးသမီးများနှင့်ကလေးငယ်တွေဟာ မိမိတို့ကို ကျူးလွန်ခံရမှုများကို ပိုမိုလွယ်ကူလျင်မြန်စွာ အကြောင်းကြားလာနိုင်မှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု မြင့်မားတိုးတက်လာစေရန် တာဝန်ရှိတဲ့ မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့များအား ကျား၊ မ ဆိုင်ရာ အကဲခတ်မှု အသိပညာပေးရန် Gender Sensitivity Awarness Training ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၃။**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနအား လုံခြုံစွာထိန်းသိမ်းရေး၊ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး ရည်မှန်းချက်(၄)ရပ်ကို ချမှတ်ပြီး လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနဟာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ကုန်ထုတ်စခန်းများ ဖွင့်လှစ်၍ စိုက်ပျိုးမွေးမြူရေးနှင့် ကျောက် ထုတ်လုပ်ငန်းတွေကို အကျဉ်းသား ရဲဘက်များနှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်အတွက် အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေး အဖွဲ့ကို ၁၅-၂-၁၉၇၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၆၂ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ ၂၅-၈-၁၉၉၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၉၈) ဖြင့်လည်းကောင်း၊ ၁၀-၈- ၂၀၁၄ ရက်စွဲပါစာအမှတ် ပထရ/၁-၉(၂၅၈၅)/ထောက်၄ ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင် ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါ ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အဖွဲ့မှာ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး ဝန်ကြီးဌာနမှာရှိတဲ့ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိတဲ့ အရာရှိကြီး (၆)ဦးအဖွဲ့ဖြင့် အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေး ရန်ပုံငွေ(အခြားစာရင်းရှင်)အား ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ကို အလဟဿ လေလွင့်ပြုန်းတီးနေတဲ့ အကျဉ်းသားများ၏ လုပ်အားကိုအခြေခံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျောက်ထုတ်လုပ်ရေး စတဲ့ ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် လည်းကောင်း၊ ပြစ်ဒဏ်ကာလ ကုန်ဆုံး၍ လွတ်မြောက်သောအခါတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခု တတ်မြောက်သွားစေရန် ရည်ရွယ်၍ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာရပ် များကို လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍လည်းကောင်း၊ နိုင်ငံတော်၏ စီမံကိန်းဝင်လုပ်ငန်းကြီး များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန် ရည်ရွယ်၍ လည်းကောင်း၊ ဝင်ငွေရရှိသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် အကျဉ်းသားများအတွက် ထိုက်သင့်သည့် လုပ်အားခများရရှိစေရန် ရည်ရွယ်၍လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေဟာ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း(အခြားစာရင်းရှင်) Union Fund Account – Other Account (UFA OA) ဖြစ်ပါတယ်။ ထိုစာရင်းမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ဌာန

ဆိုင်ရာ ငွေထုတ်စာရင်းဖြစ်တဲ့ MD Account အပြင် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက်တောင်းခံ၍ ထပ်မံဖွင့်လှစ်သော အခြားစာရင်းရှင်များ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားတဲ့ ငွေစာရင်းဖြစ်ပါတယ်။ အသုံးစရိတ်များကို ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး စာရင်းစစ်ချုပ်ရုံး၏ စာရင်းများစစ်ဆေးမှုကို နှစ်စဉ်ခံယူလျက်ရှိပါတယ်။

အကျဉ်းဦးစီးဌာနသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျောက်မိုင်းကော်ပိုရေးရှင်းမှ ကျောက်ထုတ်လုပ်ရန် လုပ်သားအင်အားရှားပါးမှုကြောင့် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်အရ ကျောက်မိုင်းကော်ပိုရေးရှင်းအား အကျဉ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်လိုက်သဖြင့် အကျဉ်းဦးစီး ဌာန၊ ကျောက်ထုတ်လုပ်ငန်း ညွှန်ကြားရေးမှူးရုံးကို ၁-၄-၁၉၇၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာ့မီးရထား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁၊၂၊၃၊၄၊၅၊၆၊၇) လမ်းမကြီးကို ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်တဲ့ကျောက်များ ထုတ်လုပ်ပေးရခြင်းကို အကျဉ်းသားများလုပ်အားဖြင့် လုပ်ကိုင်ခဲ့ပါတယ်။

ကျောက်ထုတ်လုပ်ငန်းအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးစခန်းများသို့ ရဲဘက်ထုတ်နုတ် ပေးရာတွင် ရဲဘက်စည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီသော ကျန်းမာရေးကောင်းမွန်သည့် အသက်(၁၈)နှစ်အထက် (၆၀)နှစ်အောက်ရှိသူများကိုသာ စိစစ်ရွေးချယ် ဖြည့်တင်းပေးခဲ့ပါတယ်။ လုပ်ငန်းစေခိုင်းရာမှာလည်း လုပ်ငန်းခွင်သို့ အသွားအပြန် အလုပ်ချိန်(၈)နာရီထက် မကျော်စေဘဲ ခိုင်းစေခြင်း၊ ပူပြင်းသည့်ရာသီချိန်၊ မိုးအဆက်မပြတ်ရွာသွန်းချိန်၊ ဆီးနှင်းထူထပ်စွာ ကျရောက်ချိန် တို့တွင် အနားပေးခြင်း၊ လုပ်ငန်းလျာထားချက်များ လျှော့ချပေးခြင်း၊ ခေတ်မီကိရိယာများဖြင့် အစားထိုးဆောင်ရွက်ခြင်း၊ ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကဲ့သို့မဟုတ်ဘဲ အသက်မွေး ဝမ်းကျောင်းပညာ သင်ကြားခြင်းပုံစံမျိုးသာ ခိုင်းစေခြင်း၊ သာမန်အမျိုးသားတစ်ဦး လုပ်ကိုင်နိုင် သော အခြေအနေမျိုးသာ ခိုင်းစေခြင်း စသည်ဖြင့် ဖြေလျှော့ခိုင်းစေလျက်ရှိပါတယ်။

စားသောက်ရေးနှင့် ပတ်သက်၍ အကျဉ်းသားရဲဘက်တစ်ဦးကို တစ်ရက်လျှင် (၁၀၀၀) ကျပ်နှုန်းဖြင့် ရက်သတ္တပတ်လျှင် ပဲ(၇)ကြိမ်၊ တစ်ကြိမ်လျှင် (၅)ကျပ်သားနှုန်း အသား(၄)ကြိမ်၊ တစ်ကြိမ်လျှင် (၇)ကျပ်သားနှုန်း ကျွေးမွေးပါတယ်။ လူတစ်ဦး၏ နေ့စဉ်ကယ်လိုရီလိုအပ်ချက်မှာ ပျမ်းမျှ (၂၅၀၀)မှ (၃၀၀၀)ကယ်လိုရီကြားဖြစ်ပြီး အကျဉ်းသားများ နေ့စဉ်စားသုံးတဲ့ နေ့စဉ်ရိက္ခာမှ ပျမ်းမျှ ကယ်လိုရီရရှိမှုမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အဟာရဌာနခွဲ၏ တွက်ချက်မှု အရ (၃၀၁၉.၈)ကယ်လိုရီရှိကြောင်း သိရှိရသဖြင့် အဟာရပြည့်ဝမှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျန်းမာရေးမကောင်းတဲ့ အကျဉ်းသားရဲဘက်များအား ဆေးကုသရာမှာ စခန်းအသီးသီး၌ ဆေးပေး ခန်းများထားရှိပြီး ကျန်းမာရေးမှူးများ၊ သူနာပြုများမှ ကုသပေးလျက်ရှိပါတယ်။ ထို့ပြင် လိုအပ်ပါက

သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ နီးစပ်ရာ အကျဉ်းထောင်ဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီ ပြောင်းရွှေ့ ဆေးဝါးကုသပေးလျက်ရှိသည့်အပြင် ကျန်းမာရေးမကောင်းသော ရဲဘက်အကျဉ်းသားများအား ဖြည့်စွက်အစားအစာ အပါအဝင် (၁၀၁၅.၆၂) ကျပ်နှုန်းကျွေးမွေးလျက်ရှိပါတယ်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် ကုန်ထုတ်စခန်းများရှိ အကျဉ်းသား ရဲဘက်များမှာ အကျဉ်းထောင်ရှိ အကျဉ်းသားများထက် လုပ်ငန်းလုပ်ကိုင်ရာတွင် အနည်းငယ်ပင်ပန်းသော်လည်း ထောင်ဝင်စာတွေ့ဆုံရာတွင် အကျဉ်းထောင်များကဲ့သို့ သံဇကာ ခြားထားခြင်းမရှိဘဲ မိသားစုနှင့် အတူတကွ လွတ်လပ်စွာ ဝိုင်းဖွဲ့စကားပြောဆို တွေ့ဆုံခွင့်ရရှိခြင်း၊ အုတ်ရိုးလေးဖက် ကာရံထားခြင်းမဟုတ်ဘဲ ပြင်ပစခန်းတွင်နေရခြင်းကြောင့် လေကောင်းလေသန့် ရရှိခြင်း၊ စိတ်လက်ပေါ့ပါးခြင်း၊ ပြင်ပလောကတွင် နေရသကဲ့သို့ဖြစ်ခြင်း စတဲ့ အကျိုးကျေးဇူးများ ရရှိစေပါတယ်။ ထိုသို့ မိသားစုနှင့်အတူတကွ တွေ့ဆုံရခြင်း၊ လေကောင်းလေသန့် ရရှိခြင်းတို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသည့်အပြင် စိတ်ပိုင်းဆိုင်ရာအတွက်လည်း တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါတယ်။

အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှရရှိသော ဘဏ္ဍာငွေအကျိုးအမြတ်များဖြင့် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ လုပ်ငန်းသုံး ယာဉ်၊ စက်ကိရိယာ၊ ယန္တရားများ ဝယ်ယူခြင်း၊ လျှပ်စစ်မီး၊ ရေနှင့် ဆေးရုံ၊ ဆေးဝါး အသုံးအဆောင်များရရှိရေး ဆောင်ရွက်ပေးခြင်း သင်တန်းများဖွင့်၍ ပညာပေးလေ့ကျင့်ခြင်း၊ ကရုဏာကြေးပေးခြင်း၊ တရားစခန်းဖွင့်လှစ်ခြင်း၊ ရဲဘက်လုပ်အားဆုများ ချီးမြှင့်ခြင်း စသည်တို့ အပြင် လုပ်ငန်းလည်ပတ်စေရန်အတွက် အရင်းအနှီးများ ကျခံဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှရရှိတဲ့ အကျိုးအမြတ်များကို အကျဉ်းထောင်၊ စခန်းများမှာ ၂၀၀၈ - ၂၀၀၉ ခုနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ တရားစခန်းဖွင့်လှစ်ခြင်းအတွက် ငွေကျပ်(၂၀၁.၅၅၅)သန်း၊ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းအတွက် ငွေကျပ်(၈၇၇၂.၃၇၇)သန်း၊ ရဲဘက်သက်သာချောင်ချိရေးအတွက် ရဲဘက် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူပေးခြင်း၊ ရဲဘက်လုပ်အားဆုငွေ ထုတ်ပေးခြင်း၊ စာအုပ် စာနယ်ဇင်းများ ဝယ်ယူပေးခြင်း၊ သင်တန်းများဖွင့်၍ ပညာပေးလေ့ကျင့်ခြင်းတို့အတွက် ငွေကျပ် (၅၀၁၆.၁၆၅)သန်း၊ အလုပ်စခန်းများတွင် လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် (၅၁၁.၇၂၈)သန်းနှင့် ကရုဏာကြေးအတွက် ငွေကျပ်(၃.၅၁၇)သန်းတို့ကို သုံးစွဲခဲ့ပါတယ်။

အကျဉ်းသားများအတွက် စုစုပေါင်း ထောက်ပံ့သုံးစွဲငွေမှာ ငွေကျပ် (၁၄၅၀၅.၃၄၂)သန်း ရှိခဲ့ပြီး (၁၀)နှစ်အတွင်း ရရှိတဲ့ အသားတင်အမြတ်မှာ စုစုပေါင်းငွေကျပ် (၁၄၆၄၂.၉၈၃)သန်းဖြစ်၍ တစ်နှစ်ပျမ်းမျှ အမြတ်ငွေမှာ ငွေကျပ်(၁၄၆၄.၂၉၈)သန်းရှိခဲ့ပြီး ပျမ်းမျှတစ်နှစ်အတွက် ထောက်ပံ့

သုံးစွဲခဲ့မှုမှာ ငွေကျပ်(၁၄၅၀.၅၃၄)သန်းဖြစ်သည့်အတွက် စုစုပေါင်း တစ်နှစ်ပျမ်းမျှ အမြတ်ရာခိုင်နှုန်း၏ (၉၉.၀၆)ရာခိုင်နှုန်းအထိ သုံးစွဲထားပါသဖြင့် နိုင်ငံတော်မှ ကျခံသုံးစွဲရမည့် အသုံးစရိတ်များအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေခဲ့ပါတယ်။

စခန်းများရှိ ပြစ်ဒဏ်ကျခံရသော အကျဉ်းသားရဲဘက်များ လွတ်မြောက်သည့်အခါ လုပ်အားခဆုငွေအဖြစ် အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေး ရန်ပုံငွေမှ ၁-၇-၂၀၀၇ ရက်နေ့မှစ၍ အကျဉ်းသားရဲဘက်တစ်ဦးကို တစ်ရက်လျှင် (၅၀)ကျပ်နှုန်းဖြင့် စတင်ထုတ်ပေးခဲ့ပြီး ၁-၁၁-၂၀၀၉ ရက်နေ့မှစ၍ (၁၀၀)ကျပ်နှုန်းသို့လည်းကောင်း၊ ၁-၄-၂၀၁၄ ရက်နေ့မှစ၍ (၂၀၀)ကျပ် နှုန်းသို့လည်းကောင်း တိုးမြှင့်ထုတ်ပေးခဲ့ပါတယ်။ ထိုသို့ (၂၀၀)ကျပ်နှုန်းထုတ်ပေးလျက်ရှိရာ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ထပ်မံတိုးမြှင့်ပေးရန် အကြံပြုချက်အပေါ် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၅-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈)၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အကျဉ်းသားရဲဘက်တစ်ဦးကို တစ်နေ့လျှင် (၂၅၀)ကျပ်နှုန်းသို့ ၁-၁၀-၂၀၁၈ ရက်နေ့မှစ၍ တိုးမြှင့် ထုတ်ပေးလျက်ရှိပါတယ်။

စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်စခန်းများမှ အကျဉ်းသားရဲဘက်များအတွက် ထုတ်ပေး သည့်လုပ်အားဆုငွေများကို တွက်ချက်ပါက ပျမ်းမျှအားဖြင့် အလုပ်ဆင်းဦးရေ (၁၅၀၀၀)ရှိပြီး တစ်လလျှင် အလုပ်ဆင်းရက် ပျမ်းမျှ (၂၅)ရက်၊ တစ်ရက်လျှင် (၂၅၀)ကျပ်နှုန်းဖြင့် ထုတ်ပေးရသည့် အတွက် တစ်လလုပ်အားဆုငွေမှာ ငွေကျပ် (၉၃.၇၅၀)သန်းရှိပြီး တစ်နှစ်စာတွက်ပါက ငွေကျပ် (၁၁၂၅.၀၀)သန်း ကုန်ကျမှာဖြစ်ပါတယ်။ အကျဉ်းသားကုန်ထုတ်လုပ်ငန်းများ၏ တစ်နှစ်ပျမ်းမျှ အမြတ်ဝင်ငွေကျပ် (၁၄၆၄.၂၉၈)သန်းသာ ရှိပါသဖြင့် ရဲဘက်အကျဉ်းသား လုပ်အားဆုငွေထုတ် ပေးပြီး ငွေကျပ်(၃၃၉.၂၉၈)သန်းသာ ကျန်ရှိမှာ ဖြစ်ပါတယ်။ တစ်ရက်အလုပ်ဆင်းခ ငွေကျပ်(၁၀၀၀) နှုန်းဖြင့် တွက်ချက်ပါက ငွေကျပ် (၄၅၀၀)သန်း ရှိမည်ဖြစ်ပြီး ငွေကျပ်(၁၅၀၀)နှုန်းဖြင့် တွက်ချက် ပါက ငွေကျပ်(၆၇၅၀)သန်း ကုန်ကျမှာဖြစ်တဲ့အတွက် လုပ်အားခတိုးမြှင့်ပေးရန် အခက်အခဲရှိပါ တယ်။ နိုင်ငံတော်ဘတ်ဂျက်မှ နှုန်းထားတစ်ရပ်သတ်မှတ်၍ တိုးမြှင့်ပေးမည်ဆိုပါကလည်း ရန်ပုံငွေ များစွာလိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ ကုန်ထုတ်စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ရဲဘက်များ လွတ်မြောက်သည့်အခါ ၎င်းတို့အား လုပ်အားခဆုငွေအဖြစ် အကျဉ်းသား ရဲဘက်တစ်ဦး လျှင် တစ်ရက်ကို(၂၅၀)နှုန်းသို့ တိုးမြှင့်ပေးထားလျက်ရှိခြင်း၊ ထိုသို့ တိုးမြှင့်ပေးထားခြင်းသည် အကျဉ်းသားရဲဘက်များအတွက် သင့်လျော်သော လုပ်အားခနှုန်းထား ဖြစ်ခြင်းတို့ကြောင့် ပြင်ပ လုပ်အားခ တစ်ရက် (၄၈၀၀)၏ သုံးပုံတစ်ပုံခန့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း

နှင့် ဌာနအနေဖြင့် အကျဉ်းသားရဲဘက်များကို လုပ်အားခဆုငွေ ထုတ်ပေးမှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ပေးသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နိုင်ငံတော်ရဲ့ ဒုတိယ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်ရှိအင်အားမှာ (၈၀၀၀၀)ကျော်ရှိရာ ဖွဲ့စည်းပုံအင်အားများ၏ (၄၈.၀၃)ရာခိုင်နှုန်းခန့်သာရှိပါသဖြင့် ဖွဲ့စည်းပုံပြည့်မီရေးအတွက် တစ်လလျှင် ရဲတပ်ဖွဲ့ဝင်(၇၀၀)ဦး၊ တစ်နှစ်လျှင် (၈၄၀၀)ဦး စုဆောင်းရရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ ၂၃-၂-၂၀၁၉ ရက်စွဲပါစာအမှတ် ၅၁၁(၈၁)/၁၂/သမ္မတရုံးဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက် တပ်ဖွဲ့နှင့် ဦးစီးဌာနများ၌ ဖွဲ့စည်းပုံရာခိုင်နှုန်းပြည့် ခန့်အပ်နိုင်ရေးကို မူအဖြစ် သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်တွင် (၇၈၅၃)ဦးနှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ (၁၂၉၇)ဦးတို့အား စုဆောင်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် ၁၀၄၀ မှာ ရဲတပ်ဖွဲ့ဝင်တို့သည် မိမိတို့ဝတ္တရား ဆောင်ရွက်ရန်အချိန်မှာ အရေးကိစ္စအားလုံးအတွက် အမြဲတစေ နေ့ရောညပါ ဝတ္တရား ဆောင်ရွက်ရန် အချိန်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်းကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး (၂၄)နာရီ တာဝန်ထမ်းဆောင်နေရခြင်းမျိုးမှာ တပ်ဖွဲ့တွင်မရှိသော်လည်း ပြည်သူနှင့် တပ်ဖွဲ့ဝင် တို့၏ အချိုးမှာ ၁:၆၅၀ ဦးခန့်ရှိသဖြင့် အချို့သောနေရာများတွင် တာဝန်ထမ်းဆောင်မှုကို အချိန်အပိုင်းအခြားအလိုက် ခွဲခြား၍ အလှည့်ကျ တာဝန်ထမ်းဆောင်သည့် စနစ်ဖြင့်သာ ဆောင်ရွက်နေပါတယ်။ ထို့ပြင် တပ်ဖွဲ့ဝင်များ၏ ရပိုင်ခွင့်များကိုလည်း ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ခံစားခွင့်ပြုထားပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူ အဆင့်အလိုက် တူညီတဲ့ လစာနှုန်းထားများအတိုင်း ခံစားခွင့်ရရှိတဲ့အပြင် တပ်ဖွဲ့ဝင် တစ်ဦးချင်းအတွက် တစ်ရက်လျှင် ရိက္ခာထောက်ပံ့ငွေရရှိမှုမှာ ၂၀၁၁ ခုနှစ်တွင် (၅)ကျပ်နှုန်း၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၌ တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်တစ်ဦးလျှင် (၂၀)ကျပ်နှုန်း ရရှိခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်များအားလုံး အတွက် ၂၀၁၂ ခုနှစ်မှစ၍ တစ်ဦးလျှင် တစ်ရက် (၅၀၀)ကျပ်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် တစ်ဦးလျှင် တစ်ရက်(၈၀၀)

ကျပ်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် တစ်ဦးလျှင် တစ်ရက်(၁၀၀၀)ကျပ်နှုန်းနှင့် ၁-၁-၂၀၁၇ ရက်နေ့မှစ၍ တစ်ဦးလျှင် တစ်ရက်(၁၈၀၀)ကျပ်နှုန်းသို့ အသီးသီးတိုးမြှင့်ခံစားရရှိခဲ့ပါတယ်။ တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သည့် ထောက်ပံ့မှုများဖြစ်သည့် တစ်နှစ်လျှင် ဝတ်စုံ(၂)စုံ (ပိတ်စနှင့် ချုပ်ခထုတ်ပေးသည့်စနစ်)၊ မိုးကာအင်္ကျီ(၁)ထည်၊ (အအေးလွန်ကဲသည့်ဒေသများအတွက်) အနွေးထည်(၁)ထည်၊ စောင်(၁)ထည်၊ ခြင်ထောင်(၁)လုံး၊ ဖိနပ်(၁)ရံ၊ ဦးထုပ်(ဘယ်ရီကတ်၊ ပိကတ်)(၂)လုံး၊ ခြေအိတ်(၂)စုံ၊ ရဲခါးပတ်(၁)စုံတို့အား ရဲထောက်ပံ့ရေးဌာနကြီးမှ တာဝန်ယူထုတ်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ တာဝန်ထမ်းဆောင်ရာမှာ အခက်အခဲမရှိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်တစ်ခုချင်းစီတွင် ငွေစာရင်းခေါင်းစဉ်များ ဖွင့်လှစ်၍ ရဲစခန်းများ၏ အထွေထွေလိုအပ်ချက်များဖြစ်တဲ့ အမှုစစ်အရာရှိများ၏ အမှုတစ်ခုချင်းအလိုက် စုံစမ်းစစ်ဆေးခြင်းအတွက် ခရီးစရိတ်များ၊ မှုခင်းဆိုင်ရာလုပ်ငန်းစဉ် (၄၅)ချက်ကို သတ်မှတ်ထုတ်ပြန်၍ အမှုစုံစမ်းစစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်များဖြင့် လစဉ်ထုတ်ယူသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ထိုသို့ ဘဏ္ဍာငွေကို သုံးစွဲရာမှာ လေလွင့်မှုမရှိဘဲ လုပ်ငန်းလိုအပ်ချက်များကို ထိရောက်စွာ အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တာဝန်ခံ၍ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်နေပါတယ်။ အုပ်ချုပ်ထောက်ပံ့မှုအနေဖြင့် လုပ်ငန်းသုံး မော်တော်ယာဉ် တစ်စီးချင်းအတွက် လစဉ် စက်သုံးဆီခွဲတမ်းများအား ထုတ်ပေးထားရှိသည့်အပြင် လုပ်ငန်းလိုအပ်ချက်အရ ထပ်မံလိုအပ်သည့် စက်သုံးဆီများကိုလည်း အထွေထွေလုပ်ငန်းသုံးဆီ (ပြင်ပဝယ်)ငွေစာရင်းခေါင်းစဉ်ဖြင့် ဝယ်ယူခွင့်ပြုပေးထားပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့ဝင်များနေထိုင်ရေး အဆင်ပြေစေရန်အတွက် လက်ရှိနေထိုင်လျက်ရှိသော နေအိမ်လိုင်းခန်းများမှ ပြုပြင်ရန်ရှိတဲ့ နေအိမ်လိုင်းခန်းများကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်များအလိုက် မြို့နယ်(၄၆၆)မြို့နယ်မှ ရဲစခန်း (၆၄၀)စခန်းရှိ အဆောက်အအုံ (၁၆၉၈)လုံးအား ခွင့်ပြုရန်ပုံငွေကျပ် (၂၈၉၉.၉၉၁)သန်းဖြင့် အသီးသီး ပြင်ဆင်မွမ်းမံခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် နေအိမ်အဆောက်အအုံများ အသစ်ဆောက်လုပ်ပေးခြင်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်များအလိုက် မြို့နယ်(၂၁၅) မြို့နယ်မှ ရဲစခန်း(၂၆၈)စခန်းတွင် အဆောက်အအုံ(၆၉၈)လုံးအား ခွင့်ပြုရန်ပုံငွေကျပ် (၈၆၈၈.၃၄၃) သန်းဖြင့်လည်းကောင်း အသီးသီး အသစ်ဆောက်လုပ်ပေးခြင်းတို့ကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တပ်ဖွဲ့ဝင်များအား ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့တာဝန်ချထားခြင်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ မူဝါဒများရေးဆွဲပြီး ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုအဖွဲ့များဖြင့် စနစ်တကျ

ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်တမ်းဝင်အရာရှိများ ရာထူးတိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခြင်းများကို ပြည်ထဲရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့်လည်းကောင်း၊ ပြန်တမ်းဝင်မဟုတ်သော အရာရှိများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုအဖွဲ့ဖြင့်လည်းကောင်း၊ အခြားအဆင့် တပ်ဖွဲ့ဝင်များ၏ ရာထူးတိုးမြှင့်ရေးနှင့် ပြောင်းရွှေ့ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တပ်ဖွဲ့များကလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရဲတပ်ဖွဲ့ဝင်များ၏ အရည်အချင်းမြင့်မားရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ရဲအရာရှိ အတတ်သင်ကျောင်း၊ ရဲအကြပ် အတတ်သင်ကျောင်းနှင့် အခြေခံရဲလေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်ထားရှိပြီး သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများအတွက် နိုင်ငံတကာသင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စေလွှတ်ခြင်း၊ ဥရောပသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ နိုင်ငံခြားသင်တန်းစေလွှတ်မှု(၆၄၁)ဦး၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်မှု(၁၁၆၈)ဦးနှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ နိုင်ငံခြားသင်တန်း စေလွှတ်မှု(၈၂)ဦး၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်မှု(၂၆)ဦး စေလွှတ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ၂၀၁၆ ခုနှစ်မှစ၍ ယခင် လက်နက်အဟောင်းများအစား ခေတ်မီမောင်းပြန်သေနတ်များ အစားထိုးတပ်ဆင်ခြင်း၊ အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် အသစ် လဲလှယ်တပ်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ မှုခင်းစုံစမ်းစစ်ဆေးရာမှာ အထောက်အကူဖြစ်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ဓာတုဗေဒစစ်ဆေးရေးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး ခေတ်မီစက်ကိရိယာများဖြင့် ဓာတ်ခွဲစစ်ဆေးခြင်းများပြုလုပ်လျက်ရှိသည့်အပြင် DNA စစ်ဆေးနိုင်သည့်အထိ ဆောင်ရွက်ထားရှိပါတယ်။ မူးယစ်ဆေးဝါးများ သယ်ဆောင်မှုကို ထိန်းချုပ်နိုင်ရေးအတွက် သယ်ဆောင်ရာ လမ်းကြောင်းများအားပိတ်ဆို့ရှာဖွေရာတွင် အထောက်အကူဖြစ်စေရန်အတွက် ခေတ်မီ Mini X-Ray Scanner ရှာဖွေရေးစက်များကို ဝယ်ယူခဲ့ပြီး အဆိုပါ Mini X-Ray Scanner စက်များကို မူဆယ်၊ သိန္နီ၊ နောင်ချို၊ ကျိုင်းတုံ၊ ကွန်ဟိန်းနှင့် ပြင်ဦးလွင်မြို့နယ်များရှိ စစ်ဆေးရေးဂိတ်များတွင် သက်ဆိုင်ရာ မူးယစ်တပ်ဖွဲ့စုများမှ ရှာဖွေရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာမှု အနှောင့်အယှက်မရှိစေဘဲ မော်တော်ယာဉ်များကို စစ်ဆေးနိုင်ရန် အမေရိကန်နိုင်ငံထုတ် ခေတ်မီ Mobile X-Ray ယာဉ် (၁)စီးနှင့် ရုရှားနိုင်ငံထုတ် ခေတ်မီ Mobile X-Ray ယာဉ်(၁)စီးတို့အား ဝယ်ယူထားရှိပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် သာစည်မြို့နယ်တို့မှာ ဖြန့်ခွဲထားရှိကာ မူးယစ်ဆေးဝါး သယ်ဆောင်မှုများကို

ရှာဖွေထိန်းချုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် မှုခင်းဖြစ်ပွားမှုများတဲ့ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ CCTV ကင်မရာများတပ်ဆင်၍ Police Command Center များကို တည်ထောင်ပြီး ရွေ့လျားကင်မရာနှင့် ပုံသေကင်မရာ စုစုပေါင်း (၅၉၆)လုံးဖြင့် ကြည့်ရှုထိန်းသိမ်းခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပွားတဲ့မှုခင်းများကို အမှုအမျိုးအစားအလိုက် အမှုကြီး၊ အမှုငယ်နှင့် ကြိုတင်ကာကွယ်မှုများအဖြစ် သတ်မှတ်ထားရှိပါတယ်။ မြန်မာနိုင်ငံ၌ လူဦးရေ (၅၃)သန်းကျော် ရှိပြီး ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အမှုကြီးများအလိုက် အမှုဖြစ်ပွားမှုနှုန်းကို လူဦးရေ (၁)သိန်းအပေါ် အခြေခံတွက်ချက်ကြည့်မယ်ဆိုရင် လူသတ်မှု (၁၄၇၆)မှု ဖြစ်ပွားသဖြင့် အမှုဖြစ်ပွားမှု နှုန်းမှာ (၂.၇၁)ရာခိုင်နှုန်း၊ လုယက်မှု (ဆိုင်ကယ်ဖြင့် လုယက်မှုများပါ) (၆၂၉)မှု ဖြစ်ပွားသဖြင့် အမှုဖြစ်ပွားနှုန်းမှာ (၁.၁၆)ရာခိုင်နှုန်း၊ ပြန်ပေးမှု (၆)မှု ဖြစ်ပွားတဲ့အတွက် (၀.၀၁)ရာခိုင်နှုန်း၊ မုဒိမ်းမှု (၁၅၈၃)မှုဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားနှုန်းမှာ (၂.၉၇)ရာခိုင်နှုန်း၊ ဖောက်ထွင်းမှု (၃၈)မှု ဖြစ်ပွားတဲ့ အတွက် အမှုဖြစ်ပွားနှုန်းမှာ (၀.၇၁)ရာခိုင်နှုန်း၊ တိရစ္ဆာန်ခိုးမှု (၁၂၇)မှု ဖြစ်ပွားတဲ့အတွက် အမှု ဖြစ်ပွားနှုန်း (၀.၂၄)ရာခိုင်နှုန်း၊ လက်နက် (အရေးပေါ်မှု) (၁၆)မှု ဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားနှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း၊ အခြားအမှုဖြစ်ပွားမှုအနေဖြင့် ခိုးမှု(၆၄၀၀)မှု ဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားနှုန်း မှာ (၁၁.၈၅)ရာခိုင်နှုန်း၊ ယာဉ်မတော်တဆမှု (၁၇၄၅၂)မှု ဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားနှုန်းမှာ (၃၂.၆၇) ရာခိုင်နှုန်းနှင့် နာကျင်စေမှု (၄၅၉၉)မှု ဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားနှုန်းဟာ (၁၂.၃၆) ရာခိုင်နှုန်းနှင့် ကျန်အမှု လူတစ်ဦးစီတွင် ဖြစ်လေ့ဖြစ်ထရှိတဲ့ မှုခင်းများနဲ့ အထွေထွေဥပဒေများအရ အရေးယူတဲ့ အမှုပေါင်း (၄၄၆၂၃)ခု ဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားတဲ့ရာခိုင်နှုန်းဟာ (၈၃.၅၈) ရာခိုင်နှုန်း ဖြစ်ပွားကြောင်းတွေ့ရှိရပါတယ်။ ဒါ ကျွန်တော်တို့ လူ(၁၀၀၀၀၀)အပေါ်မှာ အခြေခံပြီး တွက်ချက်ထားတာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ မှုခင်းဖြစ်ပွားမှုများမှာ ပြည်သူ့ဘဝလုံခြုံရေးကို တိုက်ရိုက်ထိပါးစေတဲ့အမှုကြီး များ၊ ခိုးမှု၊ နာကျင်စေမှု စတဲ့ဖြစ်ပွားမှုတွေကို ကြည့်မယ်ဆိုလို့ရှိရင် မှုခင်းဖြစ်ပွားမှုများဟာ လူမှု အဖွဲ့အစည်းတစ်ခုလုံး၏ လုံခြုံရေးကို ခြိမ်းခြောက်တဲ့အခြေအနေမျိုးအထိ ဖြစ်ပွားမှုမရှိကြောင်းကို ကျွန်တော်တို့ တွေ့ရှိနိုင်ပါတယ်။ ယခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၂ နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် သီးခြားဥပဒေပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဥပဒေအတည်ပြုပြီး ပါက တပ်ဖွဲ့ဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို တိကျစွာသတ်မှတ်နိုင်မည့်အပြင် တပ်ဖွဲ့ဝင်များရဲ့ လေ့ကျင့်ရေး၊ ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအင်အား ပြည့်မီရေးအတွက် တပ်ဖွဲ့ဝင်များ တိုးချဲ့စုဆောင်းခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ဘက်စုံဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နေအိမ်၊ လိုင်းခန်းများကိုလည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍

ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ခေတ်မီ မွမ်းမံသေနတ်များနှင့် အဓိကရဏ်းနှိမ်နင်းရေး လက်နက်များကို တပ်ဆင်ပေးခြင်း၊ မှုခင်းများ စုံစမ်းဖော်ထုတ်မှုအတွက် အထောက်အကူပြုပစ္စည်း များ အသုံးပြုဆောင်ရွက်ခြင်း၊ ပိုမိုတိုးချဲ့ အသုံးပြုရန်စီစဉ်ခြင်း အကောင်အထည်ဖော်ဆောင်ရွက် နေခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက်ကို ရေးဆွဲဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ် များနှင့်အညီ ဆောင်ရွက်လျက်ရှိတဲ့အပြင် တိုင်းရင်းသားပြည်သူများ၊ နိုင်ငံသားများရဲ့ ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကိုပါ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ မှာ နိုင်ငံတော်ဟာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရဲ့ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်း ပြု၍ ခွဲခြားခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲ ဥပဒေများအရ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံမှုမရှိသော်လည်း အမျိုးသမီးများရဲ့ မူလ ဇစ်မြစ်အရ ၎င်းတို့ဟာ အားနည်းသောအုပ်စု (Volnerable Group) ဖြစ်တဲ့အတွက် အထူးကာကွယ် ပေးရန် လိုအပ်တဲ့အခြေအနေမှာ ရှိပါတယ်။

မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေများဖြစ်တဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရာဇသတ်ကြီး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေများမှာ အမျိုးသမီးများနှင့်စပ်လျဉ်း၍ အထူးကာကွယ်ပေး ထားတဲ့ ပြဋ္ဌာန်းချက်များ ထည့်သွင်းထားရှိပြီး ယင်းတို့ရဲ့ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ရာဇဝတ် ကျင့်ထုံးဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ မသန်စွမ်းသူများဥပဒေ စတဲ့တည်ဆဲဥပဒေများမှာ ထည့်သွင်း ပြဋ္ဌာန်းထားရှိပါတယ်။ အမျိုးသမီးများအပေါ် ကျူးလွန်တဲ့ မှုခင်းများနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီး အရ အရေးယူမှုများမှာ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်၊ မတ်လအထိ ပုဒ်မ ၃၅၄၊ အမျိုးသမီးများရဲ့ ကာယိန္ဒြေ ပျက်စီးစေမှု(၃၃၂၁)မှု၊ ပုဒ်မ ၃၆၃၊ အရွယ်မရောက်သေးသော မိန်းကလေးများအား ခိုးယူမှု (၁၀၈၈)မှု၊ ပုဒ်မ ၃၆၆၊ အတင်းအကြပ်ထိမ်းမြားရန် ခိုးယူမှု (၃၉၅)မှု၊ ပုဒ်မ ၃၇၆၊ အဓမ္မပြု ကျင့်ခံရမှု (၃၀၉၄)မှု၊ ပုဒ်မ ၃၇၆/ ၅၁၁ အဓမ္မပြုရန်အားထုတ်မှု (၁၂၈၉)မှု၊ ပုဒ်မ ၃၇၇၊ ဓမ္မတာနှင့် ဆန့်ကျင်ကာမစပ်ယှက်မှု (၁၁၈)မှု၊ ပုဒ်မ ၄၁၇၊ ကာမလိမ်လည်ရယူမှု (၂၅၄)မှု၊ ပုဒ်မ ၅၀၉၊

အမျိုးသမီးများ၏ ကာယိန္ဒြေစော်ကားရန် စကား၊ ကိုယ်အမူအရာဖြင့် ပြုလုပ်မှု (၁၁၇)မှု၊ ပုဒ်မ ၃၁၄၊ ကိုယ်ဝန်ပျက်ကျစေရန်အကြံဖြင့် ပြုသောပြုလုပ်မှု သေစေခြင်း(၁)မှု၊ အမျိုးသမီးများ လူကုန်ကူး ခံရမှု (၄၉၄)မှု ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမျိုးသမီးများအပေါ် ကျူးလွန်တဲ့မှုခင်းများ လျော့နည်း ကျဆင်းရေး ဆောင်ရွက်ရာမှာ တားဆီးနှိမ်နင်းရေး လုပ်ငန်းများသာမက ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များနှင့် လူကုန် ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်၊ မတ်လအထိ ပညာပေးမှု (၅၅၂၄၇)မှု၊ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းဆောင်ရွက်မှု (Home Visit) (၃၀၆၂၆)မှု၊ သတင်းစာ များတွင်ဖော်ပြမှု (၃၅၈၃)ကြိမ်၊ ပြည်သူ့စကားဝိုင်း (People Talk) အစီအစဉ်ဖြင့် (၆၅၈)ကြိမ်၊ ရုပ်မြင်သံကြားမှဖော်ပြမှု (၁၂၁)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမျိုးသမီးများအပေါ် ကျူးလွန်တဲ့မှုခင်းများကို ကြိုတင် ကာကွယ်ရန်နှင့် ဖြစ်ပွားတဲ့မှုခင်းများ စုံစမ်းဖော်ထုတ်ရာမှာ တပ်ဖွဲ့ဝင်များရဲ့ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ (UNODC)နှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ကျား၊ မအခြေပြု အကြမ်းဖက်မှုဆိုင်ရာနည်းပြ အရာရှိသင်တန်းအား အမျိုးသမီးတပ်ဖွဲ့ဝင်များ အပါအဝင် အရာရှိ (၉၅)ဦး (၃)ကြိမ် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လအထိ တပ်ဖွဲ့ဝင် (၃၉၇)ဦးနှင့် အခြားအဆင့် (၁၅၂၉)ဦး၊ စုစုပေါင်း (၁၉၂၆)ဦးကို ဆင့်ပွားသင်တန်း အကြိမ်(၆၀) ဖွင့်လှစ်သင်တန်းပို့ချခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့ဝင်များမှ အမျိုးသမီးများနှင့်ပတ်သက်၍ လုပ်ငန်း ဆောင်တာများ ဆောင်ရွက်ရာမှာ လိုက်နာရမယ့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂ (အမျိုးသမီး အချင်းချင်းသာ ရှာဖွေစေခြင်း) ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် ၁၃၆၈၊ ၁၃၆၉ (အမျိုးသမီးတရားခံများကို အုပ်ထိန်းစီမံမှုပြုရမည့် နည်းလမ်းများ)နှင့် အမျိုးသမီးများနှင့်စပ်လျဉ်း၍ အထူးကာကွယ်ပေးရေး ပြဋ္ဌာန်းချက်များပါရှိတဲ့ဥပဒေတို့ကို တပ်ဖွဲ့ဝင်အားလုံး သိရှိနားလည် လိုက်နာကျင့်သုံးနိုင်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးဌာနကြီးမှ ကြီးမှူးဖွင့်လှစ်တဲ့ ရဲလေ့ကျင့်ရေးသင်တန်းကျောင်း များမှာ ထည့်သွင်းပို့ချလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမျိုးသမီးချင်းသာ ရှာဖွေရန်အတွက်လည်းကောင်း၊ ပြစ်မှု ကျူးလွန်ခံရသူ အမျိုးသမီးများအား စစ်ဆေးရာတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူ အမျိုးသမီး အချုပ်တရားခံများနှင့်စပ်လျဉ်း၍ အမျိုးသမီးများရဲ့ ကာယိန္ဒြေ ထိန်းသိမ်းနိုင်ရေးအတွက် အချုပ်ခန်း စောင့်ရာတွင်လည်းကောင်း၊ အမျိုးသမီးအရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်များကို တာဝန်ချထား ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ

အမျိုးသမီး တပ်ဖွဲ့ဝင်အရာရှိ (၁၇၈၃)ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် (၆၀၁၅)ဦး စုစုပေါင်း (၇၇၉၈)ဦး ခန့်ထားလျက်ရှိပြီး လိုအပ်တဲ့ အမျိုးသမီးတပ်ဖွဲ့ဝင်များကိုလည်း ဆက်လက်ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ကျား၊ မဆိုင်ရာ အကဲခတ်မှု (Gender Sensitivity Awareness) ဖြစ်ပေါ်မှုကို တပ်ဖွဲ့ဝင်များမှ သိရှိနားလည်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးဌာနကြီးမှ ကြီးမှူးဖွင့်လှစ်တဲ့ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှာ သင်ကြားပို့ချပေးခြင်းနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့် ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး ကျား၊ မအခြေပြု (Gender Base) ဖြစ်ပေါ်လာတဲ့ မှုခင်းများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများနှင့် ပြည်သူများကြားမှာ အသိပညာပေးခြင်းလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ "ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review–UPR)" ဒုတိယအကျော့ သုံးသပ်မှုခံယူစဉ် မြန်မာနိုင်ငံအနေနှင့် ဖော်ဆောင်ရန် လက်ခံခဲ့သည့် အကြံပြုချက်များအပေါ် နောင်လာမည့် (UPR) တတိယအကျော့၌ အစီရင်ခံစာတင်ပြရန် အဆင်သင့် ဖြစ်/မဖြစ် လက်ရှိ အနေအထား၏ လိုအပ်မှု သို့မဟုတ် ပြည့်စုံမှုအခြေအနေအရပ်ရပ်အား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ "ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review–UPR)" ဒုတိယအကျော့ သုံးသပ်မှုခံယူစဉ် မြန်မာနိုင်ငံအနေနှင့် ဖော်ဆောင်ရန် လက်ခံခဲ့သည့် အကြံပြုချက်များအပေါ် နောင်လာမည့် (UPR) တတိယအကျော့၌ အစီရင်ခံစာတင်ပြရန် အဆင်သင့် ဖြစ်/မဖြစ် လက်ရှိ အနေအထား၏ လိုအပ်မှု သို့မဟုတ် ပြည့်စုံမှုအခြေအနေအရပ်ရပ်အား သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၈။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ တင်ပြပါ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခွင့် Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။ မြန်မာနိုင်ငံ၏

လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဥ်းပြီးတော့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ကမ္ဘာ့နိုင်ငံများအားလုံးရဲ့ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်တဲ့ လုပ်ငန်းစဉ် (Universal Periodic Review–UPR) အရ ၆–၁၁–၂၀၁၅ ရက်နေ့ ဒုတိယအကျော့ သုံးသပ်မှုခံယူခဲ့ပြီး အဲဒီအချိန်မှာပါဝင်တဲ့ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း (၉၃) နိုင်ငံက အကြံပြု ချက်ပေါင်း (၂၈၁)ချက် ချမှတ်ခဲ့ပါတယ်။

အဲဒီအကြံပြုချက်တွေထဲက မြန်မာနိုင်ငံအနေနဲ့ လက်ခံခဲ့တဲ့ အကြံပြုတိုက်တွန်းချက်ပေါင်း (၁၃၅)ရပ်၊ မူအားဖြင့် လက်ခံခဲ့တဲ့ အကြံပြု တိုက်တွန်းချက်ပေါင်း (၃၀)ရပ်၊ တစ်စိတ်တစ်ပိုင်းလက်ခံခဲ့တဲ့ အကြံပြုချက် တိုက်တွန်းချက်ပေါင်း (၁)ရပ် စုစုပေါင်း(၁၆၆)ရပ်ဖြစ်ပြီး အဲဒီလိုလက်ခံခဲ့တဲ့ အချက်အလက်တွေကို အတတ်နိုင်ဆုံး အကောင်အထည်ဖော်နိုင်သလောက် ဖော်ဆောင်ပြီး မကြာမီကာလ ၂၀၂၀ ပြည့်နှစ်မှာ တတိယအကျော့အနေနဲ့ အစီရင်ခံစာတင်ပြနိုင်ဖို့ အခုကတည်းက ပြင်ဆင်ထားနိုင်မယ်ဆိုရင် လူ့အခွင့်အရေး ကိစ္စတွေနဲ့ပတ်သက်ပြီး စိတ်ချလက်ချ အနေအထားတစ်ရပ်ကို ဖော်ဆောင်ပြီးသား ဖြစ်ပါလိမ့်မယ်။ ဒီကိစ္စတွေမှာ အကုန်လုံးပြည့်မီဖို့ မလိုပေမယ့်လည်း အာမကတိ ခံခဲ့ပြီးသားဖြစ်လို့ လုပ်နိုင်သလောက်လုပ်ရမယ့် ကိစ္စတွေပဲ ဖြစ်ပါတယ်။

အကောင်အထည်ဖော်ရမယ့် လုပ်ငန်းတွေကို အုပ်စုလိုက်ဖော်ပြရရင် အဖွဲ့လိုက် ဆောင်ရွက်ခြင်းများ (၁)အနေနဲ့ အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန်ကိစ္စ (၄၁)ရပ်၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် စပ်လျဥ်းတဲ့ကိစ္စရပ်များ (၇)ရပ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စက(၄)ရပ်၊ အဖွဲ့လိုက် ဆောင်ရွက်ချက်များ (၂)အနေနဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ (၁၉)ရပ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ (၁၂)ရပ်၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖော်ဆောင်ရေးကိစ္စနှင့် မြေသိမ်းမှုကိစ္စ (၁၀)ရပ်၊ အဖွဲ့လိုက်ဆောင်ရွက်ချက်များ (၃)အနေနဲ့ ကျား၊ မတန်းတူရည်တူ ရရှိရေး၊ မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သောအုပ်စုများ ကာကွယ်ရေးကိစ္စ (၁၅)ရပ်၊ ခွဲခြားမှု မပြုရေးကိစ္စ (၁၅)ရပ်၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စများ (၁၃)ရပ်၊ အဖွဲ့လိုက်ဆောင်ရွက်ချက်များ (၄)အနေနဲ့ ဘာသာပေါင်းစုံ ချစ်ကြည်ရေးကိစ္စ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်ကိစ္စရပ်များ (၁၈)ရပ်၊ နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာ၊ ရွှေ့ပြောင်းနေရသူများကိစ္စနှင့် လူကုန်ကူးခြင်းကိစ္စများ(၇)ရပ်၊ အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စများ (၅)ရပ် စတာတွေဖြစ်ပါတယ်။

ဒီနေရာမှာ UPR နဲ့ ပတ်သက်လို့ နိုင်ငံတော်အစိုးရဘက်က တင်တဲ့ အစီရင်ခံစာ (State Report)၊ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကတင်သွင်းတဲ့ အစီရင်ခံစာပေါင်းချုပ် (UN Angencies Report) နဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများက တင်သွင်းတဲ့အစီရင်ခံစာ (Stakeholders Report) ဆိုပြီး (၃)မျိုး(၃)စားရှိတဲ့အနက် အချို့ NGO တွေဖြစ်တဲ့ Equality Myanmar ဆိုရင် မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးနှင့်ပတ်သက်လို့ UPR Forum February to Match ၂၀၁၈ ကို

တင်သွင်းဖို့ ပြင်ဆင်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လိုက်နာပါမယ်လို့ ကတိပြုခဲ့တဲ့ (၁၆၆)ချက်ထဲက တချို့ကို လိုက်နာဆောင်ရွက်ပြီးစီးနေပြီး တချို့ကတော့ ဆောင်ရွက်နေဆဲဖြစ်သလို တချို့အချက်တွေကိုတော့ အရှိန်အဟုန်မြှင့်ပြီး သက်ဆိုင်တဲ့ ဝန်ကြီးဌာနနဲ့အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ဆောင်ရွက်ပြင်ဆင်ဦးမှာ ဖြစ်ပါတယ်။

အဲဒီလို အစိုးရအနေနဲ့ ဆောင်ရွက်လိုက်နာဖို့ ကတိပြုတာတွေကို အကြမ်းဖျင်းစုစည်းဖော်ပြရရင် နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များကို လက်မှတ်ရေးထိုးရန်၊ အပစ်အခတ်ရပ်စဲရေးဆွေးနွေးရာတွင် လူ့အခွင့်အရေးဥပဒေများကို စံချိန်စံညွှန်းများအနေဖြင့် ထည့်သွင်းအသုံးပြုရန်၊ ဘားကောင်စီနှင့် မီဒီယာကောင်စီများကို ပိုမိုလွတ်လပ်သော အဖွဲ့များဖြစ်စေအောင် လုပ်ဆောင်ရန်၊ လူ့အခွင့်အရေးကော်မရှင်ကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန်၊ ထိရောက်သော မွေးစာရင်းများ လုပ်ဆောင်ပေးရန်၊ အမျိုးသမီးများဘဝ တိုးတက်မြင့်မားရေးအတွက် ဥပဒေပြုပြင်ခြင်း အပါအဝင် လုပ်ဆောင်ပေးရန်၊ မီဒီယာနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို မနှောင့်ယှက်ရန်၊ လူမှုစီးပွားရေးကဏ္ဍ တိုးတက်အောင် မြှင့်တင်ရန်၊ လာဘ်စားမှုတိုက်ဖျက်ရန်၊ လူကုန်ကူးမှု အထူးသဖြင့် ကလေးကုန်ကူးမှုကို တိုက်ဖျက်ရန် စတာတွေဖြစ်တာမို့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်တဲ့လုပ်ငန်းစဉ် UPR အရ ၆ – ၁၁ – ၂၀၁၅ ရက်နေ့ ဒုတိယအကျော့သုံးသပ်မှုခံယူစဉ် မြန်မာနိုင်ငံအနေနဲ့ ဖော်ဆောင်ရန်လက်ခံထားတဲ့ အကြံပြုချက်များအပေါ် နောင်လာမည့် UPR တတိယအကျော့မှာ အစီရင်ခံတင်ပြနိုင်ရန် အဆင်သင့် ဖြစ်/မဖြစ်၊ လက်ရှိအနေအထား၏ လိုအပ်မှု သို့မဟုတ် ပြည့်စုံမှု အခြေအနေအရပ်ရပ်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မြန်မာနိုင်ငံ၏ အကြံပြုချက်ပြပုံ (ခ)

မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေနဲ့ စပ်လျဉ်းပြီးတော့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက " ကမ္ဘာ့နိုင်ငံအားလုံးရဲ့ လူ့အခွင့်အရေး အခြေအနေကို ပုံမှန် သုံးသပ်တဲ့ လုပ်ငန်းစဉ် (Universal Periodic Review – UPR) အရ၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ (၆) ရက်နေ့ ဒုတိယအကျော့ သုံးသပ်မှု ခံယူခဲ့ပြီး အဲဒီအချိန်မှာပါဝင်တဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၉၃) နိုင်ငံက အကြံပြုချက်ပေါင်း (၂၈၁) ချက် ချမှတ်ခဲ့ပါတယ်။

အဲဒီအကြံပြုချက်တွေထဲက မြန်မာနိုင်ငံအနေနဲ့ -

| | |
|---|---|
| (က) လက်ခံခဲ့တဲ့ အကြံပြုတိုက်တွန်းချက်ပေါင်း | ၁၃၅ ရပ် |
| (ခ) မူအားဖြင့် လက်ခံခဲ့တဲ့ အကြံပြုတိုက်တွန်းချက်ပေါင်း | ၃၀ ရပ် |
| (ဂ) တစိတ်တပိုင်း လက်ခံခဲ့သော အကြံပြုတိုက်တွန်းချက်ပေါင်း | ၁ ရပ |
| **စုစုပေါင်း** | **၁၆၆ ရပ်** |

၂၀၂၀ တတိယအကျော့ အစီရင်ခံစာအတွက် စိတ်ချလက်ချ ဖြစ်စေရန် ပြသသည့်ပုံ (ခ-၁)




မီဒီယာနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ဖို့အတွက် ပြသသည့်ပုံ (ခ-၂)




**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၊ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၂။**

**ဗိုလ်ချုပ်အောင်သူ(အတွင်းရေးမှူး၊ Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၊ ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

Universal Periodic Review (UPR) ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအားလုံးရဲ့ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်တဲ့ လုပ်ငန်းစဉ်ဖြစ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက် အမှတ်(၆၅/၂၅၁)အရ ဆောင်ရွက်တဲ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။ UPR ရဲ့ လုပ်ငန်းစဉ်များမှာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံးဟာ (၅)နှစ်လျှင် (၁)ကြိမ် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမျိုးသားအဆင့် အစီရင်ခံစာ ပြုစုတင်ပြကြရပါတယ်။ နိုင်ငံအလိုက် တင်သွင်းတဲ့ အစီရင်ခံစာများအပေါ် အဖွဲ့ဝင် နိုင်ငံများမှ အကြံပြုချက်များ၊ တိုက်တွန်းချက်များ ပေးအပ်ကြပါတယ်။ အကြံပြုချက်များအား သက်ဆိုင်ရာနိုင်ငံများမှ လက်ခံခြင်း၊ ပယ်ချခြင်း၊ မှတ်သားထားရှိခြင်းကို ဆောင်ရွက်ပါတယ်။

လက်ခံတဲ့အကြံပြုချက်များကို သက်ဆိုင်ရာနိုင်ငံများမှ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ထပ်မံတင်သွင်းမည့် အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြရပါတယ်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် (၅)နှစ်တာကာလ မပြည့်မီအချိန် သက်တမ်းဝက်အစီရင်ခံစာ (Mid–Term Report) ကို မိမိတို့ဆန္ဒ အလျောက် တင်ပြလိုပါက တင်ပြနိုင်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် UPR လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ၂၀၁၁ ခုနှစ်မှာ ပထမအကျော့ အစီရင်ခံစာမှ ရရှိတဲ့ အကြံပြုချက် (၁၉၀)ချက်အနက် (၇၄)ချက်အား လက်ခံခဲ့ပြီး (၇၁)ချက်အား ပယ်ချကာ (၄၆)ချက်အား မှတ်သားထားရှိခဲ့ပါတယ်။

၅–၁၁–၂၀၁၅ ရက်နေ့မှာ ပထမအကျော့ အစီရင်ခံစာမှ လက်ခံခဲ့တဲ့ အကြံပြုချက်များ အပေါ် ဆောင်ရွက်ထားရှိမှုများအား ဒုတိယအကျော့ အစီရင်ခံစာအဖြစ် တင်သွင်းခဲ့ရာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း (၉၃)နိုင်ငံမှ တက်ရောက်ကြားနာခဲ့ပြီး ထပ်မံအကြံပြု တိုက်တွန်းချက် (၂၈၁) ချက်အနက် မူအားဖြင့် (၃၀)ချက်နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် (၁)ချက် အပါအဝင် စုစုပေါင်း အကြံပြုတိုက်တွန်းချက် (၁၆၆)ချက်အား လက်ခံခဲ့ကာ အကြံပြုတိုက်တွန်းချက် (၁၁၅)ချက်အား ပယ်ချခဲ့ပါတယ်။ အဆိုပါ UPR ဒုတိယအကျော့ အစီရင်ခံစာ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်သမ္မတ ရုံးရဲ့ ၁၉–၁၀–၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၈)ဖြင့် ဥက္ကဋ္ဌ အဖြစ် ဒုတိယသမ္မတ ဦးမြင့်ဆွေ က တာဝန်ယူဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌ(၄)ဦးနှင့် အဖွဲ့ဝင်(၁၈)ဦး၊ ဥက္ကဋ္ဌမှ တာဝန် ပေးတဲ့ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦး စုစုပေါင်း(၂၅)ဦးဖြင့် လုပ်ငန်းတာဝန်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်။

Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါ ကျွန်တော်တို့ ဒုတိယ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အမျိုးသားအဆင့်ကော်မတီ ဖွဲ့စည်းမှုကို တင်ပြအပ် ပါတယ်။ UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေးအတွက် အမျိုးသားအဆင့် ကော်မတီအစည်းအဝေးကို ၆–၁၁–၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် အဆိုပါ

ကော်မတီ အတွင်းရေးမှူးတာဝန်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ အား တာဝန်ပေးအပ်ခဲ့ပြီး UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အမျိုးသားအဆင့်ကော်မတီရဲ့ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၂ – ၁၁ – ၂၀၁၈ ရက်နေ့တွင် အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ကနေပြီးတော့မှ ဦးဆောင် ကျင်းပခဲ့ပြီးတော့မှ UPR ဒုတိယအကျော့ အစီရင်ခံစာ အကြံပြုတိုက်တွန်းချက် (၁၆၆)ချက်မှ တူညီမှု၊ နီးစပ်မှုအလိုက် အခြေခံ၍ အဓိကကဏ္ဍ(၁၂)ရပ်ကို ခွဲဝေသတ်မှတ်ခဲ့ပြီး အဆိုပါ ကဏ္ဍ တစ်ခုချင်းအလိုက် တာဝန်ခံဝန်ကြီးဌာနများ သတ်မှတ်လျာထားခဲ့ပါတယ်။ အဆိုပါကဏ္ဍစနစ်ရဲ့ တာဝန်ခွဲဝေ လျာထားမှုကို ၂၆ – ၁၂ – ၂၀၁၈ ရက်နေ့တွင် အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈)မှ တင်ပြအတည်ပြုချက် ရယူကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ကော်မတီရဲ့ (၁/၂၀၁၈) အစည်းအဝေးမှာ UPR အကြံပြုချက်၊ တိုက်တွန်းချက် (၁၆၆)ချက်အပေါ် အဓိကကဏ္ဍ(၁၂)ရပ် ခွဲခြားပြီး ကဏ္ဍအလိုက် တာဝန်ခံဝန်ကြီးဌာနများက ဥက္ကဋ္ဌ အဖြစ် ဦးဆောင်တဲ့ လုပ်ငန်းအဖွဲ့များက (၃)လ(၁)ကြိမ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို အမျိုးသား အဆင့်ကော်မတီသို့ တင်ပြရန်၊ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးကို (၄)လ (၁)ကြိမ် ကျင်းပ ပြုလုပ်ရန်၊ တတိယအကျော့ အစီရင်ခံစာအတွက် လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေအား မြန်မာ – အင်္ဂလိပ် (၂)ဘာသာဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးထား၍ အစီရင်ခံစာ(မူကြမ်း)ပြုစုရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် တတိယအကျော့ အစီရင်ခံစာ(အချော)တင်ပြနိုင်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါတယ်။

အကြံပြုချက်၊ တိုက်တွန်းချက် (၁၆၆)ချက်အပေါ် အဓိက(၁၂)ရပ် ခွဲခြားထားရှိမှုအား Power Point ဖြင့် တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော်တို့ တာဝန်ခွဲဝေထားရှိပြီးဖြစ်ပါတယ်။ တင်ပြပါအတိုင်းဖြစ်ပါတယ်။ သို့ပါ၍ UPR အကြံပြု တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေအား မြန်မာနိုင်ငံ အနေဖြင့် National Report ရေးသား၍ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ နောက်ဆုံးထား၍ ကုလသမဂ္ဂကို တတိယအကျော့ အစီရင်ခံစာအဖြစ် တင်သွင်းရမှာဖြစ်ပါတယ်။

အဆိုပါ National Report ပြုစုရေးသားနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် UPR အကြံပြု တိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသား အဆင့်ကော်မတီမှ ၃၀–၄–၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂၃)ဦးပါဝင်တဲ့ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီကိုလည်းကောင်း

တင်ပြပါအတိုင်း ကျွန်တော်တို့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥက္ကဋ္ဌအဖွဲ့ဝင်(၂၀)ဦးပါဝင်တဲ့ စာတမ်းပြုစုရေးကော်မတီကို လည်းကောင်း၊ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌအဖွဲ့ဝင်(၇)ဦးပါဝင်တဲ့ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

UPR လုပ်ငန်းစဉ်အား မိမိတို့နိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျ ဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ အလေးအနက်ထား ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ National Report မှာ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေး ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပါဝင်သင့်၊ ပါဝင်ထိုက်သည့်ကိစ္စရပ်များ ပါဝင်စေရေးအတွက် ကျန်ရှိမှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁:၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်

နှစ်ဦးမေးမြန်းသည့် မေးခွန်းများသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးအား ရေရှည်တည်တံ့ စေရန်အတွက် ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၁:၃၆။**

**ဥက္ကဋ္ဌ။**　။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အသက်သွေးကြော ဖြစ်သည့် ဧရာဝတီမြစ်ကြီးအား ရေရှည်တည်တံ့ စေရန်အတွက် ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၁:၃၆။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။**　။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတချို့မှာ အထင်ကရ မြစ်ကြီးတွေ ပိုင်ဆိုင်ထားကြပြီး သဘာဝကပေးအပ်ထားတဲ့ အမွေအနှစ်တွေဖြစ်ကြောင်း မြင်တွေ့ နိုင်ပါတယ်။ ဥပမာ အီဂျစ်နိုင်ငံရဲ့ နိုင်းမြစ်၊ အိန္ဒိယနိုင်ငံရဲ့ ဂင်္ဂါမြစ်၊ အစ္စရေးနိုင်ငံရဲ့ ဂျော်ဒန်မြစ်၊ မြန်မာနိုင်ငံရဲ့ ဧရာဝတီမြစ်တို့မှာ မြစ်ဖျားခံရာမှ ပင်လယ်တွင်းစီးဝင်နေသည့်အထိ နိုင်ငံတစ်နိုင်ငံ တည်းက ပိုင်ဆိုင်ကြပါတယ်။ Power Point အသုံးပြုဖို့ ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ Next Power Point မှာ တင်ပြပါအတိုင်း ကျွန်တော်တို့ နိုင်ငံရဲ့ ဧရာဝတီမြစ်ကြီးဟာ မိုင်ပေါင်း (၁၃၄၈)မိုင်၊ ကီလိုမီတာအားဖြင့် (၂၁၇၀)ရှည်လျားပြီးတော့ ကချင်ပြည်နယ်မှ စတင်စီးဆင်းကာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဒေသတို့ကို ဖြတ်သန်းစီးဆင်းကာ မုတ္တမပင်လယ်ကွေ့၊ ကပ္ပလီပင်လယ်ထဲ စီးဆင်းနေပါတယ်။ လူသန်းပေါင်း များစွာတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မှီခိုအားထားနေရပါတယ်။ စာရင်းဇယားအရ (၃၄)သန်းသော ပြည်သူများဟာ ရေဘေး River Basin မှာ ဆက်စပ်ပြီး နေထိုင်ကြသလို (၂.၆) ဘီလီယံ US ဒေါ်လာကို မြန်မာ Economy မှာ နှစ်တိုင်းရရှိနေတယ်လို့ တင်ပြတွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းဖို့ အထူးလိုအပ်တဲ့ ကမ္ဘာ့ဘဏ်က ကနဦးချေးငွေ အမေရိကန် ဒေါ်လာသန်း(၁၀၀)ကို ခွင့်ပြုသုံးစွဲနေပြီ ဖြစ်ပါတယ်။ ဆက်လက်၍ တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းနိုင်ဖို့ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီရရှိရန် လိုအပ်ပါတယ်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်ကြီး ထိန်းသိမ်းဖို့အတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ (၂)ဘီလီယံအထိ ချေးငွေအထောက်အပံ့နှင့် ထိန်းသိမ်းနေတာ တွေ့ရှိရပါတယ်။ သို့ပါ၍ ဧရာဝတီမြစ်ကြီးအား ဆက်လက်၍ ထိန်းသိမ်းနိုင်ရန် ကမ္ဘာ့ဘဏ် အထောက်အပံ့များရယူ၍ ထိန်းသိမ်းရန် အစီအစဉ် ရှိ/ မရှိကို လေးစားအပ်သော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဧရာဝတီမြစ်ပြပုံ (န)




**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အုန်းတောကမ်းကျေးရွာအုပ်စု၊ အုန်းတောကမ်းကျေးရွာရှိ လေယာဉ်ကွင်းဟောင်းမြေနေရာအား ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ်ကမ်းခြေ အပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အုန်းတောကမ်းကျေးရွာအုပ်စု၊ အုန်းတောကမ်းကျေးရွာရှိ လေယာဉ်ကွင်းဟောင်းမြေနေရာအား ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ်ကမ်းခြေ အပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၉။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အုန်းတောကမ်းကျေးရွာအုပ်စု၊ အုန်းတောကမ်းကျေးရွာတွင် လေယာဉ်ကွင်းဟောင်းအား (၁၈၉၄)ခုနှစ်ခန့်တွင် လေယာဉ်ကွင်း စတင်ဖောက်လုပ်ခဲ့ပြီး လေယာဉ်ကွင်း၏ တည်နေရာမှာ ကွင်းအမှတ်(၆၁၁/ခ)၊ ကလုံချောင်းကွင်း အတွင်းတည်ရှိပြီး မြေဧရိယာမှာ (၆၆.၈၉)ဧက ရှိပါသည်။

အဆိုပါလေယာဉ်ကွင်းသည် အုန်းတောကမ်းကျေးရွာနှင့် လိပ်ဥချောင်းကျေးရွာသို့ သွားသောလမ်းတွင် တည်ရှိပြီး ပင်လယ်ကမ်းခြေနှင့် မျဉ်းပြိုင်တည်ရှိပါသည်။ လေယာဉ်ကွင်း၏ အနောက်ဘက်ကပ်လျက်တွင် ပင်လယ်ကမ်းခြေ၊ ကပ္ပလီပင်လယ်နှင့် ထိစပ်လျက်ရှိပြီး ရေတိုက်စား ကမ်းပါးပြိုမှုကြောင့် (၄)ဧကခန့်ပါဝင်သွားပြီး ကျန်ရှိနိုင်မည့် ဧရိယာမှာ (၆၃)ဧကခန့် ကျန်ရှိပါသည်။ လေယာဉ်ကွင်း၏ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် လယ်ကွင်းများတည်ရှိပြီး နှစ်စဉ်စပါးစိုက်ပျိုး လျက်ရှိပါသည်။ ယခုအချိန်တွင် ဘုတ်ပြင်းမြို့နယ်နှင့် အုန်းတောကမ်းကျေးရွာသို့ ဆက်သွယ်မည့် ချောင်းကူးတံတားတည်ရှိနေပြီး တံတား၏ စီမံကိန်းကာလမှာလည်း (၂)နှစ်စီမံကိန်း ဖြစ်ပါသည်။ တံတားတည်ဆောက်ဖွင့်လှစ်ပြီးပါက အုန်းတောကမ်းကျေးရွာအနေနှင့် ဘုတ်ပြင်းမြို့၏ ရပ်ကွက်သစ် တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အဆိုပါ လေယာဉ်ကွင်းဟောင်း တည်နေရာအတွင်း နေအိမ်ခြံကွက်များ ဝင်ရောက်ကျူးကျော်မှုမရှိစေရန် လိုအပ်မည်ဖြစ်ပါတယ်။ လေယာဉ်ကွင်း၏ အနောက်ဘက်ကပ်လျက်ရှိသည့် ပင်လယ်ကမ်းခြေမှာလည်း ခရီးသွားအပန်းဖြေလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

လေယာဉ်ကွင်းမြေနေရာသည် အားကစားလေ့ကျင့်ရန်နေရာ၊ ဈေးရောင်းပွဲတော်၊ လူထု အစည်းအဝေးပွဲများ၊ ဘာသာရေးပွဲများ၊ ပွဲလမ်းသဘင်များ ကျင်းပရန်အလွန်ကောင်းမွန် သင့်တော် သော မြေနေရာဖြစ်ပါသည်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါ ကျွန်တော်တို့ ချောင်းကူးတံတား ဆောက်မယ့်နေရာ အုန်းတောကမ်းကျေးရွာ၊ လေယာဉ်ကွင်းဟောင်းနေရာ ဖြစ်ပါတယ်။ ဒါ အခု ပန်းခြံလုပ်မည့်နေရာ လေယာဉ်ကွင်းဟောင်းနေရာ ဖြစ်ပါတယ်။


ၚင်းမြေလွတ်၊ မြေလပ်၊ မြေနေရာမျိုး ဘုတ်ပြင်းမြို့တွင် နောက်ထပ်မရှိတော့ပြီဖြစ်၍ ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာရှိ လေယာဉ်ကွင်းဟောင်း မြေနေရာအား ယခုသက်ဆိုင် နေသည့်ဌာနမှ စွန့်လွှတ်၍ ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ်ကမ်းခြေ အပန်းဖြေဥယျာဉ် နေရာအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို အမြန်ဆုံးသတ်မှတ်ပေးရန်

အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ချောင်းကူးတံတား ဆောက်မည့်နေရာနှင့် အုန်းတောကမ်းကျေးရွာ၊ လေယာဉ်ကွင်းဟောင်းနေရာ၏ မြင်ကွင်းပြပုံ (ပ)




ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအတွင်းရှိ လေယာဉ်ကွင်း၏ တည်နေရာပြမြေပုံကြမ်း (ပ-၁)



**အချိန်၊ ၁၁:၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၄၁။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ၏ မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီးအား ရေရှည်တည်တံ့စေရန်အတွက် ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်မှာ ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ရန်အတွက် အချိန်ပိုခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့အတိုင်း ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံရဲ့ အဓိကကျတဲ့ ရေသယံဇာတ အရင်းအမြစ်ဖြစ်ပါတယ်။ ဧရာဝတီမြစ်နှင့် ၎င်းရဲ့ မြစ်လက်တက်တွေ၊ ချောင်းတွေ၊ ချောင်းလက်တက်တွေဟာ မြေဆီလွှာတိုက်စားမှုနှင့် အနည်အနှစ်ပို့ချမှုတွေကြောင့် မြစ်ရဲ့ရေစီးပမာဏ နည်းပါးလာပြီး မြစ်ကြောင်းရေလမ်း ပြုပြင်ထိန်းသိမ်းမှု လုံလောက်စွာ ဆောင်ရွက်နိုင်မှုမရှိပါက တဖြည်းဖြည်း တိမ်ကောသွားမှာဖြစ်သဖြင့် ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းသွားရန် အမှန်ပင်အရေးကြီးပါတယ်။

ဥပမာအားဖြင့် အခုဆိုလို့ရှိရင် ကျွန်တော်တို့ မန္တလေးကနေရင် ပုဂံ – ညောင်ဦး ရှိတဲ့ ရေလမ်းကြောင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ ရေစူးက (၅)ပေ သာသာပဲရှိပါတယ်။ ဗန်းမော်ကနေ စင်ခမ်းကြားမှာဆိုရင် ရေစူးက(၃)ပေသာသာပဲရှိပါတယ်။ နိုင်ငံတကာ လေ့လာချက်များအရ ဧရာဝတီမြစ်ဟာဆိုလို့ရင်(၁၉၈၇)ခုနှစ်တွင် ကမ္ဘာပေါ်၌ ပဥ္စမမြောက် အနည်ပို့ချမှု အများဆုံးမြစ်ဟု သတ်မှတ်ထားရှိခဲ့ပြီး ယခု (၂၀၀၇)ခုနှစ်မှာ တတိယမြောက်အနည်ပို့ချမှု အများဆုံးမြစ် အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့ သုံးသပ်ချက်အရ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံရဲ့ မြစ်ကြီးများဟာ လက်ရှိအချိန်အထိ ရိုင်းနေသေးသောမြစ်များ သူတို့အဆိုအရ ဆိုရင်တော့ ဝိုင်းစ် ဖြစ်နေသေးတဲ့ မြစ်များဖြစ်ကြတယ်လို့ ဆိုပါတယ်။

ဧရာဝတီမြစ်ကို ပြုပြင်နိုင်ရန်အတွက် ဆယ်စုနှစ် နှစ်ခုခန့် အချိန်ယူရမှာ ဖြစ်သဖြင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု (Integrated Water Resources Management– IWRM) နည်းလမ်းဖြင့် မြစ်ဝှမ်းဒေသများအတွက် ရေရှည်အစီအမံများရေးဆွဲဆောင်ရွက်ရန် အရေးတကြီး

လိုအပ်လာခဲ့ပါတယ်။ သို့ဖြစ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်၍ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း (Ayeyarwady Integrated River Basin Management (AIRBM)Project)ကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း(၁၀၀)ဖြင့် (၅)နှစ် စီမံကိန်းအဖြစ် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ (၄)နှစ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလမှာ စီမံကိန်းကာလ ပြီးဆုံးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့် ပြုပါခင်ဗျား။ စီမံကိန်းကို ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်ကို ခံနိုင်ရည်ရှိရန် ဘက်စုံစီမံခန့်ခွဲမှု အားဖြည့်ပေးရေး၊ ဧရာဝတီမြစ်ဝှမ်းနှင့် အမျိုးသားရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု ဆောင်ရွက်ရန် လိုအပ်တဲ့အဖွဲ့အစည်းနှင့် အထောက်အကူပြုကိရိယာများ ဖွံ့ဖြိုး တိုးတက်စေရေးနှင့် ရေကြောင်းသွားလာမှု မိုးလေဝသဆိုင်ရာ အသိပေးဂရုပြုမှုနဲ့ အကြံပြုချက်များ တိုးတက်စေခြင်းဖြင့် နီးနွှယ်တဲ့ အသက်မွေးဝမ်းကျောင်းများမှာ ကောင်းကျိုးသက်ရောက်မှုများ ရရှိစေရေးစတဲ့ ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ စီမံကိန်းကို လုပ်ငန်း Component (၃) ပိုင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး Component (1)မှာတော့ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု အဖွဲ့အစည်းများနှင့်အထောက်အကူပြု စနစ်များရဲ့ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ Component (2)မှာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီစေခြင်းနှင့် Component(3)မှာ တော့ ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာနိုင်မှု အဆင့်မြှင့်တင်ခြင်းစတဲ့ လုပ်ငန်းစဉ်များ ပါဝင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ဧရာဝတီမြစ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်တဲ့ အစိတ်အပိုင်းများတွေကတော့ စီမံကိန်း၏ Component (၃) ခုလုံးမှာ ပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ AIRBM စီမံကိန်းရဲ့ Component (1)မှာ ပါတဲ့ လုပ်ငန်းတွေထဲက ဧရာဝတီမြစ်စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးစေဖို့အတွက် ဧရာဝတီမြစ်ရဲ့ လက်ရှိ အခြေအနေ လေ့လာသုံးသပ်ခြင်း (State of the Basin Assessment– SOBA)အနေဖြင့် မြေပေါ် ရေအရင်းအမြစ်များကို စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊ မြေအောက် ရေအရင်းအမြစ်နဲ့ အချက်အလက် များ စီမံခန့်ခွဲခြင်း၊ ဘူမိရုပ်သွင်ဗေဒနှင့် သဲနုန်းပို့ချမှု လေ့လာခြင်း၊ ဧရာဝတီမြစ်အတွင်း ဇီဝမျိုးကွဲ နှင့် ရေနေသတ္တဝါမျိုးစိတ်များ လေ့လာခြင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်အဆင့် စီးပွားရေးပြောင်းလဲမှုများကို အခြေခံဆန်းစစ်ခြင်းနှင့် သုံးဖက်မြင်သရုပ်ပြပုံစံ တည်ဆောက်ခြင်း နှင့် လူထုအကြံပြုဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များဖြင့်

ဦးစွာ လေ့လာဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလေ့လာချက် စာတမ်းများကိုတော့ ကျွန်တော်တို့ www. Airbm.org တွင် လွှင့်တင်ထားပြီး ဖြစ်၍ Download ရယူနိုင်မှာဖြစ်ပါတယ်။

ဧရာဝတီမြစ်ကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် မြစ်ဝှမ်းဒေသပင်မစီမံချက်နှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ် (Ayeyarwady Basin Decision Support System and Ayeyarwady Basin Master Plan)တို့ကို DHI JV ဒါကတော့ (DHI) (Denmark),(USA)က Mott Macdonald, ICEM Asia (Vietnam)က ပူးပေါင်းအကြံပေးအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အခုအချိန်အထိ Basin Master Plan နှင့် သက်ဆိုင်သော ကနဦးအစီရင်ခံစာ၊ အသေးစိတ်လုပ်ငန်း အစီအစဉ်နှင့် (Preliminary Basin Master Plan)တို့ကို ရေးဆွဲပြီးစီးလျက်ရှိပါတယ်။

ရေနဲ့သက်ဆိုင်တဲ့ အချက်အလက်များကို တစ်နေရာတည်းမှာ စုစည်းခြင်း၊ သုတေသန ပြုခြင်း၊ ဆုံးဖြတ်ချက် အထောက်အကူပြု စနစ်ဆောင်ရွက်ခြင်းနှင့် အမျိုးသားအဆင့် ရေအရင်း အမြစ်ကော်မတီ (National Water Resources Committee – NWRC) ရဲ့ ရုံးအခြေစိုက်ခြင်းတို့ အတွက် ရေဘက်ဆိုင်ရာ အချက်အလက်ဗဟိုဌာန (Hydro–informatics Center)တစ်ခု တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ် ထိန်းသိမ်းသွားနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ရေဥပဒေတစ်ရပ်ပေါ်ပေါက်ရေး အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းရဲ့ Component –2 လုပ်ငန်းများအဖြစ် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ စောင့်ကြည့်လေ့လာရေး စခန်းများကို အလိုအလျောက်တိုင်းတာတဲ့ စခန်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ခန့်မှန်းချက်များ ထုတ်ပြန်သည့် ရုံးများကို အဆင့်မြှင့်တင်ခြင်း၊ မိုးလေဝသ၊ ဇလဗေဒနှင့် စိုက်ပျိုးရေး မိုးလေဝသဆိုင်ရာ ခန့်မှန်းချက် များ ထုတ်ပြန်ရာမှာ အသုံးပြုတဲ့ သတင်းအချက်အလက် နည်းပညာများကို အဆင့်မြှင့်တင်ခြင်း၊ အဆိုပါ ခန့်မှန်းချက်များ၊ ထုတ်ပြန်ချက်များကို ပြည်သူလူထုထံ အချိန်နှင့်တစ်ပြေးညီရောက်ရှိရန် ဖြန့်ဖြူးသည့်စနစ်များ အဆင့်မြှင့်တင်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ဧရာဝတီမြစ်ကို ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ အဓိကအားဖြင့် စီမံကိန်းရဲ့ Component –3 မှာ ပါရှိပြီး ဧရာဝတီမြစ်အတွင်း ရေယာဉ်များ နေ့ရောညပါ အချိန်မရွေး အန္တရာယ်ကင်းစွာ သွားလာ နိုင်ရန် အတွက်လုံလောက်သော ရေအနက်နှင့် ခေတ်မီရေလမ်းပြ အမှတ်အသားများ တပ်ဆင် သွားရန် ဖြစ်ပါတယ်။ စီမံကိန်းရဲ့ Component –3 အရ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအနေနဲ့ ဧရာဝတီမြစ်အတွင်း လုံခြုံချောမွေ့သော ရေလမ်းကြောင်းဖြစ်ပေါ်စေရေးနှင့် ရေယာဉ်များ လုံခြုံ စိတ်ချစွာ သွားလာနိုင်ရေးအတွက် ရေလမ်းဖွံ့ဖြိုးရေးဆိုင်ရာ ဖြစ်နိုင်ခြေလေ့လာ ဆန်းစစ်မှုလုပ်ငန်း

များ၊ အသေးစားရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများအတွက် တိုင်းတာရေးကိရိယာများ ဝယ်ယူခြင်း၊ တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၂၄)နာရီ ရေလမ်းပြ အမှတ်အသားများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း၊ ရေလမ်းပြအမှတ်အသားများ နေရာရွှေ့ပြောင်းခြင်းနှင့် သောင်တူးလုပ်ငန်းများအတွက် ရေယာဉ်ယန္တရားများဝယ်ယူခြင်း၊ ပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း၊ ရေလမ်းပို့ဆောင်ရေးနှင့် ရေရှည်အစီအမံများ ပြုစုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ရေလမ်းဖွံ့ဖြိုးရေးအတွက်လည်း လိုအပ်တဲ့ သောင်တူးသင်္ဘော(၂)စီး၊ ရေလမ်းပြအမှတ်အသား ရွှေ့ပြောင်းသင်္ဘော(၄)စီး၊ မြစ်ကြောင်းရှင်းလင်းရေးယာဉ် ဆက်စပ်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများတို့ကို ဝယ်ယူပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဧရာဝတီမြစ်အတွင်း လုံခြုံချောမွေ့သော ရေလမ်းကြောင်းဖြစ်ပေါ်စေရေးနှင့် ရေယာဉ်များ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးတို့အတွက် ပထမဦးစွာ မြစ်ကြောင်းရဲ့ အခြေအနေကို သိရှိနိုင်ဖို့ ရေလမ်းတိုင်းတာရေးတွေ ဆောင်ရွက်ရပါတယ်။ အဲဒီလို တိုင်းတာရေးမြေပုံတွေ ရရှိဖို့ အချက်အလက်တွေ မှန်ကန်ဖို့အတွက် မြစ်ကြောင်းတစ်လျှောက်နိမ့်မြင့်ပုလ္လင်ခုံ (Bench Mark)များကို မန္တလေးမှ ရန်ကုန်အထိ ဆောင်ရွက်ထားပါတယ်။ ပိုမိုတိကျတဲ့ တိုင်းတာရေးကိရိယာများကိုလည်း ဝယ်ယူပြီး ရေလမ်းသွားလာရေး မြေပုံ (Navigation Chart )များ ပုံစံထုတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရဲ့ Component –3 ပါ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်အတွင်း လုံလောက်တဲ့ရေအနက်နဲ့ ခေတ်မီရေလမ်းပြ အမှတ်အသားများ တပ်ဆင်အသုံးပြုနိုင်ခြင်းကြောင့် နေ့ရောညပါ အချိန်မရွေး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုတိုးတက်မြန်ဆန်လာစေခြင်း၊ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ပုံစံပြုလေ့လာမှု (Model Study )နည်းပညာကို လေ့လာအသုံးပြုခွင့်ရရှိခြင်းနှင့် သဲနုန်းပို့ချမှု ဆန်းစစ်ချက်နှင့် စောင့်ကြည့်အကဲခတ်မှု ဆောင်ရွက်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းများမဆောင်ရွက်မီ စတင် ဆွေးနွေးစဉ်အချိန်က ကမ္ဘာ့ဘဏ်ရဲ့ စီမံကိန်း ဆန်းစစ်ချက်စာတမ်း (Project Appraisal Document)မှာ ဧရာဝတီမြစ်ဝှမ်းနှင့် မြန်မာနိုင်ငံရဲ့ ရေအရင်းအမြစ် ဘက်စုံစီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းစဉ်များအနေဖြင့် စီမံကိန်းများကို အဆင့်ဆင့် အဆက်မပြတ်ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ယခု ဆောင်ရွက်နေသော ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပထမအဆင့်အနေဖြင့် စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ဖော်ပြပါရှိပါတယ်။ သို့ဖြစ်၍ နောက်ပိုင်း

စီမံကိန်းအဆင့်များကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းသည် ဧရာဝတီမြစ်အတွက်သာမက မြန်မာနိုင်ငံအတွင်းရှိ အခြားမြစ်ဝှမ်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်အတွက် အထောက်အကူပြုနိုင်မည့် အခြေခံကျတဲ့ လုပ်ငန်းဖြစ်ပြီး မြစ်ကြောင်းဘက်စုံစီမံခန့်ခွဲရေးနဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် ကနဦးစတင် ဆောင်ရွက်လျက်ရှိတဲ့စီမံကိန်းပဲ ဖြစ်ပါတယ်။ အဲဒီအပြင် ပထမအဆင့်အနေနဲ့ ယခုဆောင်ရွက်နေတဲ့ စီမံကိန်းမှာ နောင်အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအနေဖြင့် ရရှိလာနိုင်မှာဖြစ်သော အနာဂတ် ရန်ကုန်မြို့ ဧဘက်စုံ စီမံခန့်ခွဲမှုနှင့် ညောင်ဦးမြို့မှ မကွေးမြို့အထိ ရေကြောင်းသွားလာမှု မြှင့်တင်ခြင်း အင်ဂျင်နီယာ လေ့လာတွေ့ရှိချက် အကောင်အထည်ဖော်ခြင်း စတဲ့လုပ်ငန်းများဟာ ဒုတိယအဆင့်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။

ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းအပြင် ဧရာဝတီမြစ် ရေလမ်းကောင်းမွန်ရေးအတွက် ကိုရီးယားနိုင်ငံ Ministry of land, Infrastructure and Transport ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ကိုရီးယားကုမ္ပဏီများ ဖြစ်ကြသည့် K–Water, DOHWA, ISAN Corporation, Yooshin တို့ ပူးပေါင်း၍ ဧရာဝတီမြစ်အလယ်ပိုင်းနဲ့ အထက်ပိုင်းရေအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ရေလမ်းဖွံ့ဖြိုးရေးအတွက် လေ့လာမှုများကိုလည်း ၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်ထားမှုရှိပါတယ်။

သို့ဖြစ်ပါ၍ ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အရေးကြီးဆုံးအသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကို ရေရှည်တည်တံ့စေရန်အတွက် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန်အတွက် စီမံကိန်း နောက်အဆင့်များကို ဆက်လက်ဆောင်ရွက်နိုင်ရေး တင်ပြညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အခြားနိုင်ငံ အဖွဲ့အစည်းများအကူအညီဖြင့် ဆောင်ရွက်နိုင်မည့် မြစ်ကြောင်းဖွံ့ဖြိုးရေး၊ သဲနုန်းပို့ချမှုလေ့လာရေး၊ ရေအရည်အသွေးလေ့လာဆန်းစစ်ခြင်းစသည့် လုပ်ငန်းများကိုလည်း အခွင့်ရသည့်အခါများတွင် လေ့လာသွားမည် ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းများရဲ့ Component – 1 မှ ရရှိတဲ့မြစ်ဝှမ်းဒေသပင်မ စီမံချက် (Basin Master Plan)အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကို ရေရှည်တည်တံ့စေရန်အတွက် ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ၏ တနင်္သာရီ

တိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အုန်းတောကမ်းကျေးရွာအုပ်စု၊ အုန်းတောကမ်း ကျေးရွာရှိ လေယာဉ်ကွင်းဟောင်းမြေနေရာအား ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ် ကမ်းခြေ အပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အုန်းတောကမ်းကျေးရွာအုပ်စု၊ အုန်းတောကမ်းကျေးရွာရှိ ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းဟာဆိုလို့ရှိရင် စစ်ကြိုခေတ်က တည်ဆောက်ထားခဲ့ပြီး အလျားပေ(၁၅၀၀)၊ အကျယ်ပေ(၁၂၀)ရှိ မြေကြီးပြေးလမ်းသာဖြစ်ပါတယ်။

အဲဒီလေယာဉ်ကွင်းမှာ ခရီးသည်တင်လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်မည့်လေယာဉ် ပြေးလမ်း အလျားရရှိစေရေးအတွက် တိုးချဲ့နိုင်ရန် မြေနေရာ လုံလောက်မှုမရှိတဲ့အတွက် ဘုတ်ပြင်း လေယာဉ်ကွင်းသစ်တစ်ခု တည်ဆောက်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၀၃ ခုနှစ်မှာစတင်၍ မြေနေရာသစ်ကို ကွင်းဆင်းရှာဖွေခဲ့ရာ၊ ဘုတ်ပြင်းမြို့နယ်၏ တောင်ဘက်(၉)မိုင်ခန့်အကွာ ချောင်းကရက်ကျေးရွာအနီး တောင်ဘက်ပိုင်းရှိ မြေနေရာကို ဘုတ်ပြင်းလေယာဉ်ကွင်းသစ် တည်ဆောက်ရန် ရွေးချယ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့၍ လေယာဉ်များဆင်းသက် အသုံးပြုလျက်ရှိပါသည်။

ဘုတ်ပြင်းလေယာဉ်ကွင်းသစ်ကို တည်ဆောက်ပြီးချိန်မှစပြီးတော့ အုန်းတောကမ်း ကျေးရွာရှိ ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းဟာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားတဲ့ လေယာဉ်ကွင်း (၆၉)ကွင်းစာရင်းမှာ ပါဝင်ခြင်းမရှိတော့ပါဘူး။ ဘုတ်ပြင်း လေယာဉ်ကွင်းဟောင်းမြေနေရာဟာ ဆိုလို့ရှိရင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တရားဝင်ပိုင်ဆိုင်ခြင်းမရှိတဲ့ မြေစာရင်းမှတ်တမ်းများအရ လေယာဉ်ကွင်းမြေအဖြစ် သတ်မှတ်ထား သည့် မြေနေရာဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုပါ လေယာဉ် ကွင်း ဟောင်းမြေနေရာကို ပြန်လည်စွန့်လွှတ်ပါက အများပြည်သူပိုင် ပင်လယ်ကမ်းခြေ အပန်းဖြေ ဥယျာဉ်အဖြစ် အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားသွားပါတယ်။

သို့ဖြစ်ပါ၍ ချောင်းကရက်ကျေးရွာအနီးတွင် ဘုတ်ပြင်းလေယာဉ်ကွင်းအသစ်ကို တည်ဆောက်ထားရှိပြီး လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိခြင်း၊ အုန်းတောကမ်းကျေးရွာရှိ ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းအား လေကြောင်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်း ထားတဲ့ လေယာဉ်ကွင်းများစာရင်းမှာ ပါဝင်မှုမရှိခြင်း၊ အဆိုပါ လေယာဉ်ကွင်းဟောင်းမြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တရားဝင်ပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါ မြေနေရာကို အများပြည်သူပိုင် ပင်လယ်ကမ်းခြေ အပန်းဖြေ

ဉယျာဉ်အဖြစ် အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်ခြင်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ချင်းတိုင်းရင်းသားစာကို မည်ကဲ့သို့ သင်ကြားပေးနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၅၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ချင်းတိုင်းရင်းသားစာကို မည်ကဲ့သို့ သင်ကြားပေးနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတဲ့မေးခွန်း ပိုမိုရှင်းလင်းလွယ်ကူစေရန်အတွက် သူ့ရဲ့ နောက်ခံသမိုင်းကို Slide နှင့် တင်ပြခွင့်ပြုပါရန်နှင့် အင်္ဂလိပ်လိုဖတ်ခွင့်များကို ခွင့်ပြုနိုင်ပါရန် ဦးစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းတိုင်းရင်းသားစာ အားလုံးဟာဆိုရင် Romanised Script ABCD ကို သုံးတဲ့စာဖြစ်ပြီးတော့ ဒီ Romanised Script Phonetic Rules အတိုင်း တိတိကျကျ အသံထွက်တဲ့စာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ Romanised Script Phonetic Rules ကို တတ်ထားတဲ့ ပုဂ္ဂိုလ်အတွက်ဆိုရင် နာရီပိုင်းအတွင်းမှာတောင်မှ တတ်မြောက်နိုင်တဲ့စာတစ်ခု ဖြစ်ပါတယ်။ အင်မတန်မှ လွယ်ကူရိုးရှင်းတဲ့စာဖြစ်ပါတယ်။ ချင်းလူမျိုးများ အသုံးပြုတဲ့ စကားလုံးများကလည်း အများကြီးကွဲပြားမှု မရှိပါဘူး။ ကျွန်တော်တို့ (၅၃)မျိုးလောက်ရှိတယ်လို့ အများက

သိပေမယ့် တကယ့်တကယ်မှာတော့ အဲဒီလောက်အထိ မကွဲပြားပါဘူး။ စကားလုံးအချို့ဟာဆိုရင် နေရာဒေသအပေါ်မူတည်ပြီးတော့ အဓိပ္ပာယ်သက်ရောက်ပုံအနည်းအကျဉ်း ကွဲပြားပါသော်လည်း ရာခိုင်နှုန်းအားဖြင့်ကြည့်မယ်ဆိုရင် များများစားစား ကွဲပြားမှုမရှိပါ။ ချင်းစာတစ်ခု သင်ပေးရင်တော့ ချင်းစာ အားလုံးကို အလိုလို ရေးနိုင်၊ ဖတ်နိုင်ပါတယ်။ အဲဒီလို ဖတ်နိုင်တဲ့အတွက်ကြောင့် မိမိရဲ့ မျိုးနွယ်စုစာကိုလည်း အလိုအလျောက် ရေးတတ်၊ ဖတ်တတ် လာပါတယ်။ သို့ပါသောကြောင့် ကျွန်တော်တို့ မျိုးနွယ်စုစာ အများကြီးကို သင်ပေးစရာမလိုပါ။ ကျွန်တော် အင်္ဂလိပ်ခေတ်တုန်းက ဆုံးဖြတ်ချက်ပြုခဲ့တဲ့ဟာကိုဖြင့် Slide ပြခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဒါကတော့ ၁၉၂၃ ကနေ ၁၉၂၄ အထိ Report on Administration of Burma ပေါ့။ သူတို့တွေ အစီရင်ခံစာ Report လုပ်ခဲ့တဲ့စာအုပ် ဖြစ်ပါတယ်။


အဲဒီစာအုပ်ရဲ့ စာမျက်နှာ ၁၀၂ မှာ ဘယ်လိုဖော်ပြသလဲဆိုရင် The multiplicitv of Chin dialects present a serious difficulty which is increased by the fact that pioneer educational work began,and the chief educational center is consequently situated, among people whose dialect(Kamhow) is not widely used. As the result of a conference on Chin education, it was decided during the year to adopt the Laizau dialect as the medium of education for the Chin Hills Drstrict and the Chinboke dialets for the Pakokku Hill Tracts ; that Chin text books should be Printed in Romanised script; that English or Burmese, or both, may be taught as optional second languages; ကျွန်တော်တို့ များများစားစားရှိတယ်လို့ သူတို့ တွေ့ရှိပေမယ့် (၂၅)နှစ်ကျော် Research လုပ်တဲ့အချိန်မှာ သူတို့ အခု လိုင်ဇိုး စာပေါ့နော်။ ဒါကို ချင်းပြည်နယ် မြောက်ပိုင်းတစ်ခုလုံးမှာ သင်ပေးဖို့နဲ့ ဒီ Chin Box ဆိုတဲ့စာကို ချင်းပြည်နယ်တောင်ပိုင်းတစ်ခုလုံးမှာ သင်ပေးဖို့ သူတို့ကလည်း ဆုံးဖြတ်ပေးခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီလောက်ကြီး အမှန်တကယ်မှာ မကွဲပြားပါဘူး။ တစ်ခုသင်ရင် အားလုံးကို အလိုအလျောက်တတ်တာကြောင့်ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ တီးတိန်နဲ့ တွန်းဇံမြို့နယ်မှာဆိုရင် တီးတိန်စာ သို့မဟုတ် ဇိုမီးစာပေါ့။ ဖလမ်းမြို့နယ်တစ်ခုလုံးမှာ ဆိုရင် လိုင်ဇိုးစာ(ဖလမ်းစာ)၊ ဟားခါးနဲ့ ထန်တလန်မှာဆိုရင် ဟားခါးစာ၊ (လိုင်စာ) အဲဒီလိုမျိုးပေါ့။ ပြီးတော့ ကလေး၊ တမူးခရိုင်အများစုမှာဆိုရင် ဖလမ်းစာ(လိုင်ဇိုးစာ)သင်ပေးရင်လုံလောက်ပါတယ်။ မျိုးနွယ်စုစာ များများ သင်ပေးလျှင် ရှုပ်ထွေးမှုများစွာပေါ်ပေါက်လာပြီးတော့ သွေးကွဲမှုများလည်း ဖြစ်ပေါ်လာပါတယ်။ အဲဒါကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။

မည်သည့်မြို့နယ်များတွင် မည်သည့်စာ သင်ပေးနေသနည်း။ ပြီးတော့ ကျောင်းချိန် အတွင်း သင်ပေးနိုင်ခြင်း ရှိ/မရှိ။ မည်သည့်အတန်းအထိ သင်ကြားပေးသနည်း။ ချင်းစာပေ


သင်ကြားပေးတဲ့ ဆရာ၊ ဆရာမများကို ချီးမြှင့်ငွေနှင့် အထောက်အပံ့များ မည်ကဲ့သို့ ပေးအပ်သနည်း ဆိုတဲ့ မေးခွန်းများကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

Report on Administration of Burma (1923–24) စာအုပ်ပြပုံ (ဖ)


Report
on the
Administration of Burma
for the Year
1923-24

Rangoon : Supdt., Govt. Printing and Stationery, Burma
1925

စာမျက်နှာ ၁၀၂ တွင် ပါရှိသော စာများပြပုံ (ဖ–၁)


The number of Chins in public schools was 1,860 (2,018). The two special Anglo-vernacular schools conducted for Chins at Thayetmyo and Sandoway contained 170 (181) pupils. The number of Chin vernacular schools was 43 (41), with an attendance of 1,677 (1,539). In the Chin Hills there were Government schools at Falam and Tiddim. The school at Lenacot was closed and removed to a better centre at Shwuampe. In the Pakôkku Hill Tracts there was a Government school at Mindat where carpentry was taught and where the boys put up two dormitories under the carpenter's supervision. The school at Kanpetlet was closed. There were successful schools at Kyindwe and Vomthu. With the exception of these institutions Chin education is in the hands of Christian missionaries. The multiplicity of Chin dialects presents a serious difficulty which is increased by the fact that pioneer educational work began, and the chief educational centre is consequently situated, among people whose dialect (Kamhow) is not widely used. As the result of a conference on Chin education, it was decided during the year to adopt the Laizau dialect as the medium of education for the Chin Hills District and the Chinbok dialect for the Pakôkku Hill Tracts; that Chin text-books should be printed in Romanised script; that English or Burmese, or both, may be taught as optional second languages; and that for Chins outside the Chin Hills and Pakôkku Hill Tracts, Burmese is the most suitable language for educational purposes in vernacular schools and that existing arrangements should therefore continue, Chin being taught as a separate subject in schools where there is a special demand for it.

**မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများမှ လုပ်သက်(၁၂)နှစ်အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် လယ်ပြ-၂၊ လယ်ပြ-၃ ဆရာ/ ဆရာမများ၏ ရာထူးတိုး/အပြောင်းအရွှေ့ကိစ္စများနှင့် ပတ်သက်၍ မည်သို့မူဝါဒ ချမှတ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုးလွင် က မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများမှ လုပ်သက်(၁၂)နှစ်အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် လယ်ပြ-၂၊ လယ်ပြ-၃ ဆရာ၊ ဆရာမများ၏ ရာထူးတိုး/အပြောင်းအရွှေ့ကိစ္စများနှင့် ပတ်သက်၍ မည်သို့မူဝါဒ ချမှတ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၁။**

**ဦးပြုးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုးလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ခရိုင်ပေါင်း(၇၄)ခရိုင်၊ မြို့နယ်(၃၃၀)မြို့နယ်၊ မြို့(၄၂၂)မြို့၊ ကျေးရွာအုပ်စု (၁၃၆၀၂)အုပ်စုနဲ့ ကျေးရွာပေါင်း(၆၃၈၆၀)ရွာ ရှိပါတယ်ခင်ဗျား။ ယခုလက်ရှိ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ကျောင်းဦးရေစာရင်းချုပ်အရ မူလတန်းကျောင်းပေါင်း (၂၆၉၀၇)ကျောင်း ရှိပါတယ်ခင်ဗျား။ အဲဒီမူလတန်းကျောင်း (၂၆၉၀၇)ကျောင်းမှာရှိကြတဲ့ ကျောင်းအုပ်ကြီးများကို ကြည့်မယ်ဆိုရင် အပိုင်းအားဖြင့် နှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းကတော့ လုပ်သက်(၁၂)နှစ်အောက်ရှိ ကျောင်းအုပ်ကြီးများနှင့် လုပ်သက်(၁၂)နှစ်အထက်ရှိ ကျောင်းအုပ်ကြီးများဆိုပြီးတော့မှ နှစ်ပိုင်းတွေ့ပါတယ်။ လုပ်သက်(၁၂)နှစ်အောက်ရှိ မူလတန်းကျောင်းအုပ်ကြီးများကတော့ အလယ်တန်းလစာစကေးနဲ့ အတူတူတာဝန်ထမ်းဆောင်ကြရပြီး လုပ်သက်(၁၂)နှစ်အထက်ရှိ ကျောင်းအုပ်ကြီးများကတော့ အထက်တန်းလစာစကေးနဲ့ တာဝန်ထမ်းဆောင်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပညာရေးမျှော်မှန်းချက်အရ ကျောင်းများကို နှစ်စဉ်နှစ်တိုင်း တိုးတဲ့နေရာမှာ အလယ်တန်းနဲ့ အထက်တန်းကျောင်းရှိ ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ၊ အလယ်တန်းပြ ဝန်ထမ်းများအတွက်ကတော့ ပြဿနာမရှိပေမယ့် မူလတန်းကျောင်းအုပ်ကြီးများနှင့် ၎င်းကျောင်းတွင် လုပ်သက်ရင့် လယ်ပြ-၂၊ လယ်ပြ-၃ ဝန်ထမ်းများရဲ့ ရာထူးတိုး သို့မဟုတ် အပြောင်းအရွှေ့များဟာ ယနေ့ပညာရေးလောကရဲ့ စိန်ခေါ်မှုတစ်ရပ်လို ဖြစ်နေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မူလတန်းကျောင်းများအဆင့်တိုးလို့ ပြောင်းရွှေ့ရမည့် မူလတန်းကျောင်းအုပ် လုပ်သက်(၁၂)နှစ်အောက်ရှိ ကျောင်းအုပ်ကြီးများကတော့ အလယ်တန်းပြ စကေးရလို့၊ တူညီကြလို့ အခြားကျောင်းများသို့ တာဝန်ထမ်းဆောင်ပါက လွယ်ကူသော်လည်း လုပ်သက်ရင့်(၁၂)နှစ်အထက် ကျောင်းအုပ်ကြီးများကတော့ အထက်တန်းလစာစကေးရတော့ အခြား ကျောင်းများကို တာဝန်ထမ်းဆောင်မည်ဆိုပါက များစွာ ပြဿနာဖြစ်ပါတယ်။ ကျောင်းအုပ်ကြီး လစ်လပ်များမရှိခြင်း၊ ရှိပါကလည်း အလွန်ဝေးကွာခြင်းနှင့် B.Ed ကျောင်းဆင်းမဟုတ်လို့ အထက်တန်းပြ လုပ်မယ်ဆိုရင်လည်း ကျောင်းအုပ်ကြီးများက နှစ်စဉ်နှစ်တိုင်း ပြဿနာဖြစ်နေ ရမယ့်ကိစ္စများ ဖြစ်ပါတယ်ခင်ဗျား။

ထိုနည်းတူစွာပဲ မူလတန်းကျောင်းများမှာ လုပ်သက်(၁၅)နှစ်အထက် အရင်ပညာရေး စနစ်ဟောင်းတုန်းက လုပ်သက်ရင့်(၁၅)နှစ်အထက်ရှိ ဆရာ၊ ဆရာမများကို အလယ်တန်းလစာ ပေးပြီး မူလတန်းပြမှာ PJ လို့ခေါ်တဲ့ ယနေ့ လယ်ပြ-၂ လို့ ခေါ်ပါတယ်။ လယ်ပြ-၃ အဲဒါကို တာဝန် ထမ်းဆောင်ပြီးတော့မှ ဆရာ၊ ဆရာမများကို ကျွန်တော်တို့ တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ အဲဒီတော့ အခုလက်ရှိ ဆရာ၊ ဆရာမများဖြစ်တဲ့ လယ်ပြ-၂ နဲ့ လယ်ပြ-၃ ဆရာ၊ ဆရာမများဟာ လည်းပဲ သူတို့ရဲ့စိတ်ထဲမှာ လစာတူပါလျက် ခွဲခြားဆက်ဆံခံနေရသလို အမြင်မျိုးတွေ ဖြစ်ပေါ်နေတဲ့ အတွက်ကြောင့်မို့ ဒီ လယ်ပြ-၂ နဲ့ လယ်ပြ-၃ ပြဿနာများကလည်း နှစ်စဉ်နှစ်တိုင်း တွေ့နေရမည့် ပြဿနာများဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ လုပ်သက်ရင့်(၁၂)နှစ် အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများရဲ့ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် လယ်ပြ-၂၊ လယ်ပြ-၃ ရာထူးများ၏ ဝန်ထမ်းများအတွက် မည်ကဲ့သို့ မူဝါဒချမှတ် ဆောင်ရွက်သွားမည်ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်ရှိ ပန်ဝိုင်အခြေခံပညာမူလတန်း(လွန်) ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ဆရာ၊ ဆရာမဦးရေ ထပ်မံတိုးချဲ့ ခန့်အပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်ရှိ ပန်ဝိုင်အခြေခံပညာမူလတန်း(လွန်) ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ဆရာ၊ ဆရာမ ဦးရေ ထပ်မံတိုးချဲ့ခန့်အပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၄။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ အားလုံးကို နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်အတွင်းရှိ တိုင်းရင်းသားရင်သွေးငယ်များ အခြေခံပညာများကို လွယ်ကူစွာ သင်ကြားခွင့်ရရှိနိုင်ရန် ရည်ရွယ်၍ ဒီမေးခွန်းကို မေးမြန်းခွင့် တောင်းအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့သည် ဟိုပန်ခရိုင်နှင့် မိုင်(၁၀၀)ကျော်ကွာဝေးသော မြို့တစ်မြို့ဖြစ်ပြီး မူလတန်း(လွန်) တစ်ကျောင်းတည်းသာရှိပါတယ်။ မြို့နယ်တစ်ခုလုံးအတွက် တစ်ကျောင်းတည်းသောစာသင်ကျောင်းဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း(၁၈)နှစ် ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်တွင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိခဲ့ပါတယ်။ ယခုစာသင်နှစ် ကျောင်းသား၊ ကျောင်းသူဦးရေစုစုပေါင်းမှာ (၅၇၀)ဦးရှိပြီး ဆရာ၊ ဆရာမ(၅)ဦးဖြင့်သာ သင်ကြားလျက်ရှိပါတယ်။ စာသင်တန်းခွဲအရေအတွက်နှင့် ဆရာ၊ ဆရာမဦးရေ ကိုက်ညီခြင်းမရှိသဖြင့် ပညာသင်ကြားရေးကဏ္ဍ၌ အခက်အခဲများဖြင့် ရင်ဆိုင်နေရပါတယ်။ ဒေသခံပြည်သူများက အခြေခံ ပညာအလယ်တန်း(ခွဲ)အဆင့် တိုးမြှင့်ပေးပါရန်နှင့် ဆရာ၊ ဆရာမဦးရေ တိုးမြှင့်ခန့်ထားပေးပါရန် တင်ပြတောင်းဆိုလာပါသဖြင့် ပြည်သူလူထုကိုယ်စား တင်ပြရခြင်းဖြစ်ပါတယ်။

အောက်ပါ မေးခွန်းများကိုလည်း မိဘပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ တင်ပြမေးမြန်းအပ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးပါရန်နှင့် ဆရာ၊ ဆရာမဦးရေကို ထပ်မံတိုးချဲ့ခန့်ထားနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် အကြီးစားပြင်ဆင်သည့် လုပ်ငန်းတစ်ရပ်လုံးနှင့် ပတ်သက်ပြီး ဆောင်ရွက်သည့်ကုမ္ပဏီနှင့် တာဝန်ရှိသူများကို စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၀၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်

ကျောင်းဆောင် အကြီးစားပြင်ဆင်သည့် လုပ်ငန်းတစ်ရပ်လုံးနှင့် ပတ်သက်ပြီး ဆောင်ရွက်သည့် ကုမ္ပဏီနှင့် တာဝန်ရှိသူများကို စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၇။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ် ပါဝင်တဲ့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ကျွန်တော့်အနေနဲ့ Power Point သုံးစွဲပြီး မေးခွန်း မေးမြန်းပါရစေခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၉-၉-၂၀၁၈ ရက်နေ့မှာ ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်း စံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံလွှဲပြောင်းအပ်နှံ ပြင်ဆင်ဆောင်ရွက် တယ်ဆိုတဲ့ အဓိကလုပ်ငန်းတချို့ရဲ့ အခြေအနေကို ၁၇-၅-၂၀၁၉ ရက်နေ့က ကျွန်တော် အ.ထ.က(၁) ကို ကိုယ်တိုင်ရောက်ရှိ မြင်တွေ့ခဲ့ရတာကတော့ Power Point မှာ ဖော်ပြထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာချုပ်က ၂၉-၈-၂၀၁၆ ရက် နေ့ကနေပြီးတော့ (၃)လအတွင်း အပြီးဆောင်ရွက်ရမယ်လို့ ပါရှိထားတဲ့ မူလက နှစ်ဆက်လုပ်ငန်း မဟုတ်ဘဲ နှစ်ဆက်ကြာမြင့်နေပြီး လုပ်ငန်းကို အပြီးသတ်အောင် မဆောင်ရွက်ဘဲ ပစ်ထားခဲ့တဲ့ မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အကြီးစားပြင်ဆင်မှုမှာ တင်ဒါကို ဘယ်လို ပုံစံနဲ့ တင်ဒါရရှိလာမှန်း မသိရသော သစ္စာကျော်ကုမ္ပဏီက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မင်းဘူး အ.ထ.က(၁) (၂၇၀ x ၁၃၇)ပေ သစ်သားအုတ်ညှပ် နှစ်ထပ်ကျောင်းဆောင် အကြီးစား ပြင်ဆင် ခြင်းအတွက် ငွေကျပ်(၄၁.၇၉)သန်းဖြင့် အကြီးစားပြင်ဆင်ရန် ဘယ်လိုစနစ်တကျ တွက်ချက်မှန်း မသိရတဲ့ အခြေအနေနဲ့လုပ်ငန်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ၂၀၁၈ - ၂၀၁၉ ခုနှစ် မီနီဘတ်ဂျက်တိုင်အောင် မပြီးပြတ်တဲ့အပြင် လုပ်ငန်းဆက်လက် မဆောင်ရွက်ဘဲ ထားရှိသည်သာမက အဆက်အသွယ်ပါ ဖြတ်တောက်ထားခဲ့သည်ကို သိရှိခဲ့ရပါတယ်။

၁၅ - ၈ - ၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ အမှန်တကယ် ဒီကျောင်းကြီးဟာ အဲဒီလောက် အကြီးစားပြင်ဆင်ဖို့ မလိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်တဲ့ ဌာနဆိုင်ရာတွေနဲ့ ကွင်းဆင်းစိစစ်ထားကြောင်း၊ ဒါကို ဝန်ကြီးချုပ်နဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးခရီးစဉ် တင်ပြလွှာဆိုပြီး သစ္စာကျော်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာက ကျောင်းအစည်းအဝေးမှာ ဒါတွေ တင်ရမယ်ပြောပြီး ပြောတဲ့အတိုင်း ပြင်ဆင်ခွင့်ကို

အဲဒီကုမ္ပဏီက ရသွားတာဖြစ်ကြောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်ကတည်းက တာဝန်ခံမှု၊ တာဝန်ယူမှု မရှိတာကိုတွေ့ရလို့ ကျောင်းမှာအစည်းအဝေးခေါ်ပြီး ကျွန်တော်ကိုယ်တိုင် ညှိနှိုင်းဆောင်ရွက်ခဲ့ရ ကြောင်းနဲ့ အဲဒီမှာတွေ့ရတာက ရပ်ကွက်အုပ်ချုပ်ရေးမှူးကအစ၊ ကုန်ကျမှုစာရင်း တွက်ချက်ပေး တယ်ဆိုတဲ့ ဌာနဆိုင်ရာတွေအဆုံး အမှန်ပြင်ဆင်ဖို့ လို၊ မလိုဆိုတာ ကျောင်းကို တစ်ခါမှ လာမကြည့်ဘဲ ထောက်ခံတွက်ချက်ပေးလိုက်တာ တိုင်းပြည်ရဲ့အခွန်ဘဏ္ဍာငွေတွေ ထင်သလို ဆောင်ရွက်သုံးစွဲနေကြတာ ဒီလုပ်ငန်းစဉ်မှာဆိုရင် ဒီလောက်ပြင်ဆင်ဖို့ မလိုအပ်တဲ့ အခြေအနေမှာ ဘာဖြစ်လို့ သက်ဆိုင်တဲ့ အစိုးရအဖွဲ့က ခွင့်ပြုပေးရတာလဲ။


ဒီကုမ္ပဏီကို ဘယ်လို တင်ဒါချပေးလိုက်တာလဲ။ အခုလို ကုမ္ပဏီက နှစ်ဆက်ကြာလာ တာတောင် လုပ်ငန်းပြီးပြတ်အောင် မဆောင်ရွက်ဘဲ ဆက်သွယ်မရဖြစ်ရတာ ဘယ်လိုအရေးယူ ကြမလဲဆိုတဲ့ မေးခွန်းထုတ်စရာ အကြောင်းတွေကြောင့် ဒါတွေကို ဆွေးနွေးခဲ့ပြီး ပြည်ထောင်စု လွှတ်တော် နာယက ကလည်း ဆက်လက်သိရှိလိုတာတွေကို မေးခွန်း မေးမြန်းရန်ဖြစ်ကြောင်း လမ်းညွှန်ထားတဲ့အတွက် လွန်ခဲ့တဲ့ ၁၅-၁၀-၂၀၁၈ ရက်နေ့က ကျွန်တော် မေးခွန်းတင်သွင်းခဲ့ပြီး အောက်ပါအချက်များကို သိရှိလိုတာဖြစ်ပါတယ်။

(၁) အကြီးစားပြင်ဆင်ရန် မလိုအပ်သည်ကို မည်သည့်အတွက် ငွေကျပ်သန်းပေါင်း များစွာဖြင့် ပြင်ဆင်ခွင့်ပြုပါသလဲ။ (၂) တင်ဒါကို မည်သည့်ပုံစံဖြင့် ခေါ်ယူအောင်မြင်စေခဲ့ပါသလဲ။ (၃) သတ်မှတ်ချိန်သာမက ဘတ်ဂျက်(၃)နှစ်ကြာအောင်မပြီးဘဲ ပစ်ထားတဲ့ကုမ္ပဏီအားလည်းကောင်း၊ မှန်ကန်စွာ စစ်ဆေးမှုမပြုဘဲ လွယ်လင့်တကူ ထောက်ခံတင်ပြခဲ့တဲ့ တာဝန်ရှိသူများကို မည်ကဲ့သို့ စစ်ဆေးဖော်ထုတ် အရေးယူသည်ကိုလည်းကောင်း သိရှိလိုတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အသစ်လဲလှယ်ရမည့်အစား သံပြားကပ်ပြီး ရိုက်ထားခဲ့သည့် မြင်ကွင်းပုံ (၇)



စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ပြီးစီးသည်ဟု အစီရင်ခံ တင်ပြသည့်စာ ပြပုံ (ဗ-၁)


သို့
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပညာရေးမှူးရုံး
မကွေးတိုင်းဒေသကြီး
မကွေးမြို့

ရက်စွဲ-၉.၉.၂၀၁၈

အကြောင်းအရာ။ ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ပြီးစီးကြောင်းအစီရင်ခံတင်ပြခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး မြို့ အထက(၁)တွင် အကြီးစားပြင်ဆင်ဆင်ရန် သစ္စာကျော်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ခဲ့ရာ အောက်ဖော်ပြပါ ဆောင်ရွက်ရန်ကျန်ရှိလုပ်ငန်းအားလုံးဖြစ်သော

(၁) တိုင်တစ်လုံး အစားထိုးပြီးစီးခြင်း
(၂) ယက်မများပြုပြင်ပြီးစီးခြင်း
(၃) ဆင့်များလဲလှယ်ပြီးစီးခြင်း
(၄) ကြမ်းပျဉ်များ လဲလှယ်ပြီးစီးခြင်း
(၅) အမိုးမှ မိုးယိုခြင်းများ ပြုပြင်ပြီးစီးခြင်း
(၆) တမံတလင်းအက်ကွဲကြောင်းများ ပြုပြင်ပြီးစီးခြင်း
(၇) မြောက်ဘက်လှေကားအား လက်ရန်းများ တပ်ဆင်ပြီးစီးခြင်း
(၈) ကျောင်းဆောင်အောက်မြေထုပိတ်များအား ဆေးအနက်သုတ်ပြီးစီးခြင်း

လုပ်ငန်းများမှာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ပြီးစီးခဲ့သည်မှာ မှန်ကန်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ကျောင်းအုပ်ကြီး
အထက(၁)မင်းဘူး

ပညာရေးမှူး
မြို့နယ်ပညာရေးမှူးရုံး
မင်းဘူးမြို့

ဦးကိုကိုအောင်
ဥက္ကဋ္ဌ
အထက(၁)မင်းဘူး

အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး
အမှတ်(၃)ရပ်ကွက်မင်းဘူးမြို့

ဦးစိုးကျော်သူ
ဒု-ဥက္ကဋ္ဌ
အထက(၁)မင်းဘူး

ဦးအောင်သင်းမြင့်(ငြိမ်း)
ကျောင်းအကျိုးတော်ဆောင်
အထက(၁)မင်းဘူး

ဦးအောင်ကိုကို
အထမြ
အထက(၁)မင်းဘူး

လွှဲပြောင်းအပ်နှံခြင်းပြ စာသားပုံ (ဗ-၂)


Thit Sar Kyaw Co.,Ltd.
No(13/B), Min Ye Kyaw Swar Street, 1 Quarter, Pathein Township, Ayeyarwaddy.
Ph: 09 49321163, 09 420229749, 09 73029288.

Thit Sar Kyaw Co., Ltd. Date

လွှဲပြောင်းအပ်နှံခြင်း

ရက်စွဲ- ၉.၉.၂၀၁၈

သစ္စာကျော် ကုမ္ပဏီမှ တာဝန်ယူပြုပြင်ဆောင်ရွက်သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အထက(၁) ကျောင်းဆောင်တွင် အကြီးစားပြင်ဆင်မှု လုပ်ငန်းများ ပြီးစီးပါသဖြင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပါသည်။

လွှဲပြောင်းအပ်နှံသူ — လွှဲပြောင်းလက်ခံသူ

Theia Soe
Managing Director
Thit Sar Kyaw Construction Co., Ltd
09 420229749
မန်နေဂျင်းဒါရိုက်တာ
သစ္စာကျော်ကုမ္ပဏီ

ကျောင်းအုပ်
အထက(၁)
မင်းဘူး

ပညာရေးမှူး
မြို့နယ်ပညာရေးမှူးရုံး
မင်းဘူးမြို့

**အချိန်၊ ၁၂:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂:၁၁။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာ ခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ချင်းတိုင်းရင်းသားစာကို မည်ကဲ့သို့ သင်ကြားပေးမည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး ဦးစွာဖြေကြားပါမယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှာ တိုင်းရင်းသားဘာသာစာပေကို ကျောင်းချိန်ပြင်ပတွင် သင်ကြားပေးလျက်ရှိပါတယ်။ ချင်းစာပေများကို စနစ်ဟောင်းဖြစ်တဲ့ KG, Grade–1, Grade–2 အတန်းများ စနစ်သစ်ဖြစ်သော Grade–1, Grade–2, Grade–3 အတန်းများအားလုံးတွင် သင်ကြားပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာဦးစီးဌာနအနေဖြင့် ချင်းစာပေ သင်ကြားပေးနေသည့် Teaching Assistant နှင့် Language Teacher တို့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ခန့်အပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သင်ကြားပေးချိန်ကာလအနေဖြင့် တစ်လလျှင်(၂၂)ရက်၊ တစ်ပတ်လျှင် အနည်းဆုံး သင်ကြားချိန်(၅)နာရီ သတ်မှတ်သင်ကြားပေးလျက်ရှိပါတယ်။ Teaching Assistant များကို တစ်ရက်လျှင် ကျပ်(၄၈၀၀)နှုန်းဖြင့်လည်းကောင်း၊ Language Teacher များကို တစ်လလျှင် ကျပ်(၃၀၀၀၀) နှုန်းဖြင့်လည်းကောင်း ပေးအပ်ချီးမြှင့် သင်ကြားပေးလျက်ရှိပါကြောင်း ဦးစွာတင်ပြ အပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ချင်းစာပေ များအားလုံးသည် Roman Alphabet (ABCD) များကို အခြေခံအသုံးပြုတဲ့စာများဖြစ်ပြီး တီးတိန်နှင့် တွန်းဇံမြို့နယ်တို့တွင် တီးတိန်စာ၊ ဖလမ်းမြို့နယ်တွင် ဖလမ်းစာပေများကို သင်ကြားဆောင်ရွက်ပေးလျှင် လုံလောက်မှုရှိပါကြောင်း တင်ပြထားတာရှိပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်နှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့မှာ တီးတိန်(ချင်း)၊ ဖလမ်း(ချင်း)၊ ဟားခါး(ချင်း) သုံးမျိုးတို့ကို အဓိကထားပြီးတော့ သင်ကြားပေးခဲ့ပါတယ်။ ဒီလို သင်ကြာပေးတဲ့နောက်ပိုင်းမှာ သက်ဆိုင်ရာ ချင်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့ များစွာပေါ်ပေါက်လာပြီး ဒီအဖွဲ့အသီးသီးတို့ရဲ့ တင်ပြတောင်းဆိုမှုအပေါ်မှာ သက်ဆိုင်ရာ

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်များအရ ချင်းစာပေမူကွဲများစွာကို ဆက်လက်သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိအချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် လူရှိုင်း(ချင်း)စာပေ၊ လူရှိုင်း(ချင်း-လူရှည်)စာပေ၊ ဇို(ချင်း) စာပေ၊ ဟွာလ်ငို(ချင်း)စာပေ၊ ထာဒို(ချင်း)စာပေ၊ တီးတိန်(ချင်း)စာပေ၊ ဖလမ်း(ချင်း)စာပေ၊ ဟားခါး(ချင်း) စာပေတို့ကိုလည်းကောင်း၊ ချင်းပြည်နယ်ရှိ အခြေခံပညာကျောင်းများမှာ တီးတိန်(ချင်း)စာပေ၊ ဖလမ်း(ချင်း)၊ ဟားခါး(ချင်း)၊ ဇို(ချင်း)၊ ထာဒို(ချင်း)၊ ချိုး(ချင်း)၊ အု(ဉ်)ပူး(ချင်း)၊ ရော့(ချင်း)၊ ဒါရင်ဒူး(ချင်း)၊ ဒိုင်(ချင်း)၊ မတူပီ(ချင်း)၊ ဇိုတုန်(ချင်း)၊ မရာ(ချင်း)၊ လောက်တူ(ချင်း)၊ ခူမီး(ချင်း)၊ လေမီ(ချင်း)၊ ရခိုင်(ချင်း)၊ ခေါင်စို(ချင်း)၊ လေးတူ(ချင်း)၊ ဟွာလ်ငို(ချင်း)တို့ကိုလည်း ဆက်လက်သင်ကြားဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ဒုတိယမေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပြုံးလွင် ၏ မေးခွန်းဖြစ်သော မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများမှ လုပ်သက်(၁၂)နှစ်အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် အလယ်တန်းပြ-၂၊ အလယ်တန်းပြ-၃ ဆရာ/ ဆရာမများ၏ ရာထူးတိုး/ အပြောင်းအရွှေ့ကိစ္စများနှင့်ပတ်သက်၍ မည်သို့မူဝါဒ ချမှတ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားပါမယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာမူလတန်းကျောင်းများမှ လုပ်သက်(၁၂)နှစ်အထက်ရှိသော မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် အလယ်တန်းပြ-၂၊ အလယ်တန်းပြ-၃ ဆရာ/ ဆရာမများ၏ ရာထူးတိုး/ အပြောင်းအရွှေ့ကိစ္စများဆောင်ရွက်ရာတွင် လက်ရှိရာထူးနေရာမှာ လုပ်သက်(၂)နှစ်ပြည့်ပါက အပြောင်းအရွှေ့ လျှောက်ထားနိုင်ပါတယ်။ ဒေသစရိတ်ခံစားခွင့်ရတဲ့ ဒေသများဖြစ်ပါက လက်ရှိရာထူးနေရာတွင် လုပ်သက်(၁)နှစ်ပြည့်မီပါက အပြောင်းအရွှေ့ လျှောက်ထားနိုင်ပါတယ်။ မူလတန်းကျောင်းအုပ် အလယ်တန်းပြ-၁၊ အလယ်တန်းပြ-၂ နှင့် အလယ်တန်းပြ-၃ တို့သည် B.Ed ဘွဲ့ရရှိပြီးပါက အထက်တန်းပြရာထူးတိုးသို့ လျှောက်ထားစေပြီး ဆန္ဒပြုဒေသ၊ ဘာသာရပ်ကိုက်ညီမှုနှင့် လုပ်သက်ရမှတ်တန်းစီဇယားတို့အရ နေရာလစ်လပ်မှုအပေါ်မူတည်ပြီး အထက်တန်းပြရာထူးသို့ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်သွားသော ကျောင်းများမှ မူလတန်းကျောင်းအုပ်ကြီးများဟာ လုပ်သက်ရမှတ် တွက်ချက်ရာမှာ

ထပ်မံပြီးတော့ လုပ်သက်ရမှတ် (၉)မှတ်ထပ်ပေါင်းပြီး တန်းစီဇယား ဆောင်ရွက်ပေးပါတယ်။ လုပ်သက်ရမှတ် တန်းစီဇယားအရ ဆန္ဒပြုဒေသ၏ နေရာလစ်လပ်မှုအပေါ်မူတည်၍ ပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆန္ဒပြုဒေသ လစ်လပ်မှုမရှိပါက လက်ရှိတာဝန်ထမ်းဆောင်နေသော ကျောင်းနှင့် အနီးဆုံးကျောင်း သို့မဟုတ် အခြေချနေထိုင်ရာ နေရပ်လိပ်စာနှင့် အနီးဆုံးကျောင်းများသို့ ဦးစားပေး ပြောင်းရွှေ့ဆောင်ရွက်ပေးပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ တတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ၏ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်ရှိ ပန်ဝိုင်အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆရာ၊ ဆရာမဦးရေ ထပ်မံတိုးချဲ့ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းများ ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ပန်ဝိုင်မြို့၊ ပန်ဝိုင်အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်းရှိပြီး ထိုကျောင်းမှာ စုစုပေါင်း အလယ်ဆင့်သင်ကျောင်းသား၊ ကျောင်းသူ (၃၃)ဦးရှိပါတယ်။ ဆရာ၊ ဆရာမဦးရေအားဖြင့် မူလတန်းကျောင်းအုပ်(၁)ဦး၊ အလယ်တန်းပြ ဆရာ၊ ဆရာမ(၃)ဦး၊ အထွေထွေလုပ်သား(၁)ဦး စုစုပေါင်း ဝန်ထမ်းဦးရေ(၅)ဦးရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ တင်ပြပါ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပန်ဝိုင်မြို့၊ ပန်ဝိုင်အခြေခံပညာမူလတန်းလွန်ကျောင်းသည် ၂၀၂၀ – ၂၀၂၁ ခုနှစ်ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖန် ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ လစ်လပ်လျက်ရှိသော မူလတန်းပြ ဆရာ၊ ဆရာမများ နေရာများအတွက် ယခု ၂၀၁၉ – ၂၀၂၀ ခုနှစ်ပညာသင်နှစ် ရာထူးတိုး/ပြောင်းများ ဆောင်ရွက်ချိန်မှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်အောင်ထွန်း ၏ မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် အကြီးစားပြင်ဆင်သည့် လုပ်ငန်းတစ်ရပ်လုံးနှင့် ပတ်သက်ပြီး ဆောင်ရွက်သည့် ကုမ္ပဏီ၊ တာဝန်ရှိသူများကို စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဟာ ၁၉၅၅ ခုနှစ်တွင် ပြည်တော်သာစီမံကိန်းဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဖြစ်ပြီး အထွေထွေယိုယွင်းမှုများ ပြင်ဆင်ရန် လိုအပ်သည့်အတွက် ကျောင်းအကျိုးတော်ဆောင်များ၏ တွက်ချက်တင်ပြမှုအပေါ်မူတည်ပြီး ပြင်ထိန်းငွေကျပ်(၄၁.၇၉)သန်းကို အခြေခံပညာဦးစီးဌာနရုံးချုပ်၏ အလုပ်အမှုဆောင် အစည်းအဝေး အမှတ်စဉ်(၁၆/၂၀၁၆)ဖြင့် ခွင့်ပြုပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီခွင့်ပြုပေးငွေကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ထိုစဉ်က တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၉-၈-၂၀၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးပညာရေးမှူးနှင့် မင်းဘူးမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ပြင်ထိန်းလုပ်ငန်းများကို တာဝန်ယူဆောက်လုပ်သည့် သစ္စာကျော်ကုမ္ပဏီတို့ နှစ်ဦးသဘောတူ ကတိပြုစာချုပ်များ ချုပ်ဆိုခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအပြီးသတ် ဆောင်ရွက်ခဲ့တဲ့ကျောင်းဖြစ်ပါတယ်။

အဆိုပါ ကုမ္ပဏီက မင်းဘူးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (၂၇၀x၁၃၇)ပေ သစ်သား၊ အုတ်ညှပ်နှစ်ထပ်ဆောင်၏ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကျောင်းအဆင့် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီမှ မကျေလည်သဖြင့် ကုမ္ပဏီနှင့် အဆင်မပြေဖြစ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့ကြောင့် လုပ်ငန်းအားလုံးပြီးစီးသော်လည်း လက်ကျန်ငွေ၏ နောက်ဆုံးအရစ်(၂၀)ရာခိုင်နှုန်းကို ထုတ်ယူခွင့်ပြုခြင်းအတွက် ကျောင်းကော်မတီများက ထောက်ခံချက်မပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကုမ္ပဏီအနေဖြင့် ကျောင်းကော်မတီအား ၎င်းတို့ မထုတ်ယူရသေးသော နောက်ဆုံးအရစ်(၂၀)ရာခိုင်နှုန်းမှ (၅)ရာခိုင်နှုန်းကို ကုန်သွယ်ခွန်အဖြစ် ဖြတ်ယူပြီး ကျန်ငွေကျပ်(၆.၂၆၈)သန်းဖြင့် ကော်မတီမှ မကျေလည်သော ပြင်ထိန်းလုပ်ငန်းများကို ကော်မတီထံသို့ လွှဲပြောင်းလုပ်ကိုင်စေခဲ့သော်လည်း အဆိုပါကျောင်းကော်မတီက တာဝန်ယူဆောင်ရွက်ခြင်း မရှိ၊ ညှိနှိုင်းပေါင်းစပ်မှုအားနည်းသဖြင့် လုပ်ငန်းအပြီးသတ်ရန် ကြန့်ကြာခဲ့သည်ဟု စိစစ်တွေ့ရှိရပါတယ်။

မင်းဘူးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား တာဝန်ယူဆောက်လုပ်သည့် သစ္စာကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့သည် ၁၉ - ၈ - ၂၀၁၈ ရက်နေ့တွင် ထပ်မံဆက်သွယ်လာပြီး ကျောင်းဆောက်လုပ်ရေးကော်မတီမှ မကျေလည်သော ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများအားလုံးကို ဆက်လက်ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ၉ - ၉ - ၂၀၁၈ ရက်နေ့မှာ ကော်မတီသို့ လုပ်ငန်းအပ်နှံပြီး ကော်မတီအနေဖြင့်လည်း သစ္စာကျော်ကုမ္ပဏီမှ ပြင်ဆင်ထိန်းသိမ်းလုပ်ငန်းများကို ကျေနပ်စွာ လက်ခံခဲ့သဖြင့် မင်းဘူးမြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင် အကြီးစားပြင်ဆင်မှုလုပ်ငန်းပြီးစီးခဲ့ကြောင်း တင်ပြထားတာတွေ့ရှိရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေး။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ထပ်ဆင့်မေးခွန်း မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။ ကျွန်တော် ဝန်ကြီးဖြေတဲ့အချိန်မှာ မရှင်းလင်းတဲ့ ဟာပေါ့နော်။ ကျွန်တော် ဖလမ်းမြို့နယ် တစ်ခုလုံးအတွက် နည်းနည်းချဲ့ပြီးတော့ မေးချင်တာက ဖလမ်းမြို့နယ် တစ်ခုလုံးမှာ ဖလမ်းစာ(လိုင်ဇိုးစာ)လို့ခေါ်တာပေါ့။ အဲဒါတစ်ခုတည်းပဲ သင်ပေး နိုင်ရန် အစီအစဉ် ရှိ/မရှိပေါ့။ အခု တချို့တွေက တော်တော်လေး Complain တက်နေကြပါတယ်။ မျိုးနွယ်စုစာတွေ ကျွန်တော်တို့ သင်ပေးလိုက်တဲ့အချိန်ကျတော့ မျိုးနွယ်စုတစ်ခုပြီးတစ်ခု တောင်းဆို လာကြတယ်။ တချို့ မကျေနပ်တဲ့သူတွေက Divide and Rule စနစ်ကို ကျင့်သုံးတယ်ဆိုတဲ့ အထိပေါ့နော်။ Complain လုပ်လာတဲ့သူတွေ ပြည်သူတွေလည်း ရှိလာပါတယ်။ အဲဒါကြောင့် အင်္ဂလိပ်ခေတ် တုန်းကတောင်မှ မြောက်ပိုင်းမှာတစ်ခု၊ တောင်ပိုင်းမှာတစ်ခုလောက် ချုံ့ပေးနိုင်ခဲ့ တယ်။ ဒီလိုမျိုး ဖလမ်းမြို့နယ်မှာ အများကြီးမသင်ပေးဘဲနဲ့ ဖလမ်းစာတစ်မျိုးတည်းသာ သင်ပေးရန် အစီအစဉ် ရှိ/မရှိ ထပ်ဆင့်မေးခွန်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး။ ခင်ဗျားမေးတာက စာပေတွေ ဘယ်လိုသင်ကြားသလဲ လို့မေးတာ။ သူက ဘယ်လိုသင်တယ်ဆိုတာ ဖော်ပြထားတာပဲ။ ဘာကိုဆိုလိုတာလဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းတွင် ချင်းစာပေကို မည်ကဲ့သို့ သင်ကြားပေး ကြောင်း သိရှိလိုတယ်လို့မေးတယ်။ မေးတော့ သူက ဘယ်နေရာမှာ ဘယ်စာတွေသင်တယ်။ ဘယ်နေရာမှာ ဘယ်စာတွေ အကုန်လုံးဖြေထားတာပဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အခု ကျွန်တော် အတိုချုံ့ပြီး တော့ ကျွန်တော် မေးခွန်းတင်ပြတဲ့အချိန်မှာလည်း ဥက္ကဋ္ဌကြီးတို့လည်း ဖတ်ပြီးသားဖြစ်မှာပါ။ ဖလမ်းမြို့နယ်တစ်ခုလုံးမှာ ဖလမ်းစာတစ်ခုတည်း သင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ အဲဒါ မေးခွန်းမှာ လည်း ပါပြီးသားဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေစမ်းပါအုံး။ ဖလမ်းမှာ ဖလမ်းစာပေတစ်ခုပဲ သင်ဖို့တဲ့။ ဟုတ်တယ် မို့လား။ ဖြေနိုင်လား။

**ဦးဝင်းမော်ထွန်း၊ ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ဒေသတွင်းနေ၊ ယဉ်ကျေးမှုအဖွဲ့အစည်းတွေ၊ ပြည်သူတွေက ဒီစာ သင်ချင်ပါတယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက် ကျွန်တော်တို့ ခံယူပါတယ်။ ပြီးရင် တိုင်းရင်းသားရေးရာ

ဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ခံယူပါတယ်။ သူတို့က သင်သင့်တယ်လို့ လမ်းညွှန်ရင် ကျွန်တော်တို့ သင်ဖို့စီမံပေးပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂:၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၂၇။**

**ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးဖို့အတွက် ကျွန်တော့်ကို Power Point သုံးစွဲဖို့ တောင်းခံအပ်ပါတယ်။ ဒါ ကျွန်တော် အရင်ဆုံး အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ချက်ဟာ တရားသူကြီးဆိုတဲ့ဟာကို အဓိပ္ပာယ်ဖွင့်ဆိုလိုခြင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီဥပဒေမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဖြည့်စွက်ချက်ထဲမှာ တရားသူကြီး ဆိုတဲ့ စကားရပ်ကို အသစ်ဖြည့်စွက်ထားတဲ့အတွက် ဒီဥပဒေမှာဆိုရင်တော့ ပြည်ထောင်စုတရားသူကြီးချုပ် ကိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉ မှာ အဓိပ္ပာယ်ဖွဲ့ဆိုပြီးသားရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ မှာလည်း အဓိပ္ပာယ်ဖွဲ့ဆိုပြီးသားရှိပါတယ်။

ဒါပေမဲ့ ဒီဥပဒေမှာ အသစ်ဖြည့်စွက်ထားတဲ့ အခြားတရားရုံးတွေရဲ့ တရားသူကြီးကိုတော့ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသေးတဲ့အတွက် အဓိပ္ပာယ်ဖွင့်ဆိုလိုခြင်း ဖြစ်ပါတယ်။ တရားသူကြီးဆိုသည်မှာ မြန်မာနိုင်ငံအတွင်းရှိ တရားစီရင်ရေးဆိုင်ရာ တရားရုံးများနှင့် စီရင်ပိုင်ခွင့်အာဏာတစ်ရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများကို အပ်နှင်းခြင်း ခံရသော တရားသူကြီးကို ဆိုသည်လို့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။အောက်က ကျွန်တော် ပုဒ်မ ၂၃(က)မှာကတော့ နိုင်ငံတော်

သမ္မတဆိုတဲ့ စကားရပ်ကို ကျွန်တော် ပယ်ဖျက်ဖို့နှင့် မလိုအပ်တဲ့အတွက် ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်နာယက ရှေ့၌ဆိုတဲ့ စကားရပ်ကို ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယက ရှေ့မှောက်၌လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် နိုင်ငံတော်သမ္မတ ဆိုတဲ့ စကားရပ်ကို ထိုနည်းလည်းကောင်းပဲ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော် ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးတွင် နာယက ရှေ့မှောက်၌ လို့ ထိုနည်းလည်းကောင်းပဲ ပြင်ဆင်ထားပါတယ်။ ဒါက ကျွန်တော်တို့ စီစဉ် ဆိုတဲ့ဟာကို စီမံ ဆောင်ရွက်ရမည်ဆိုတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံဆောင်ရွက်ရမည်ဆိုတဲ့ဟာကို ပြင်ဆင်ထားပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၂(င)မှာ ဖြစ်ပါတယ်။ ပုဒ်မ ၂(င)က အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီပြင်ဆင်ချက် ပြင်ဆင်ထားပြီးတော့ ခြွင်းချက်ကိုတော့ အသစ် ဖြည့်စွက်ထားတဲ့ ပုဒ်မဖြစ်ပါတယ်။

ဒီပုဒ်မမှာ ကျွန်တော် ပြင်ဆင်ထားတာကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သည် ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် ၁ အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးသည် နေ့စဉ် တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် တရားခွင်တွင် ကျမ်းသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက် ရမည်ဆိုပြီးတဲ့ဟာကို ပြင်ဆင်ထားပါတယ်။ တရားသူကြီးများသည် အမှုတစ်ခု စတင်ဆောင်ရွက်သည့်အချိန်တွင် တရားခွင်တွင် ကျမ်းသစ္စာပြုရမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ တရားသူကြီးတွေဟာ တရားခွင်မှာ နေ့စဉ်ကျမ်းသစ္စာကျိန်ဆိုရန် မလိုအပ်ဖူးလို့ ဆိုလိုခြင်းဖြစ် ပါတယ်။

အမှုတစ်ခုဟာ တစ်ရက်ထဲမပြီးပါဘူး။ အချို့အမှုတွေဆို လနဲ့နှစ်နှင့်ချီတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အမှုတစ်ခုကို စတင်ပြီးတော့ တရားခွင်မှာ စတင်ဆောင်ရွက်တဲ့အချိန်မှာပဲ ကျမ်းသစ္စာ ပြုရန်လုံလောက်ပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော် နေ့စဉ်ဆိုတဲ့ စကားရပ်ကို တရားခွင်မှာ နေ့စဉ် ဆိုစရာမလိုပါဘူး။ ဒီဟာကို ကျွန်တော်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၀။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များ

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းရဲ့ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ မှာဖော်ပြထားတဲ့ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၂ ကို ပယ်ဖျက် လိုတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၂ မှာ ဖော်ပြထားတဲ့အချက်အရ ကျွန်တော်တို့ ကြည့်မယ်ဆိုလို့ရှိရင် ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၂ မှာ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၁ အရ ရွေးချယ်ခန့်ထား ခြင်းခံရတဲ့ တရားသူကြီးများသည် ဆိုပြီးတော့ ကျွန်တော်တို့ အဓိပ္ပာယ်ကို ရေးထားတာရှိပါတယ်။ ဒီနေရာမှာ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၁ အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများဆိုတဲ့ အဓိပ္ပာယ်ဖော်ပြချက်ကိုက ပုဒ်မခွဲငယ် ၂ ရဲ့ ကျွန်တော်တို့ ဖော်ပြဖို့အတွက် ရှေ့နောက်မဆီလျော်တဲ့ အချက်ကို ကျွန်တော်တို့ အလွယ်တကူ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၁ မှာက ပုဒ်မခွဲငယ် ၂ မှာ ဖော်ပြသလိုမျိုး ရွေးချယ်ခန့်ထားခြင်းခံရတဲ့ တရားသူကြီးများဆိုတာကို ဖွင့်ဆိုထားတာမဟုတ်ဘဲနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီးအဖြစ်နဲ့ ရွေးချယ်ခန့်ထားခြင်းခံရသူတွေကို ကတိသစ္စာ သို့မဟုတ် ကျမ်းသစ္စာပြုဖို့ အတွက် ဆောင်ရွက်ရမယ့်ဖော်ပြချက်သာလျှင်ဖြစ်နေတဲ့အတွက် အပိုဒ်ခွဲငယ် ၁ ကိုညွှန်းတဲ့ အပိုဒ်ခွဲငယ် ၂ က ရှေ့နောက်ဆီလျော်မှု မရှိဘူးဆိုတဲ့ဟာကို ပထမတစ်ချက်အနေနဲ့ ကျွန်တော် တင်ပြလိုပါတယ်။

နောက်တစ်ခုကကျတော့ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုမယ်ဆိုပြီး ကျွန်တော်တို့ ပြောကြတဲ့အခါမျိုးမှာ အပိုဒ်ခွဲငယ် ၂ အရ ကျမ်းသစ္စာကိုပြုမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ကျမ်းသစ္စာ ပြုမယ့်၊ ကတိသစ္စာပြုမယ့် ဒီတရားသူကြီးတွေက ဘယ်သူ့ရဲ့ရှေ့မှာ ကျမ်းသစ္စာကိုပြုကြမလဲ ဆိုတဲ့ ကိစ္စမျိုး ဒီနေရာမှာ ဘာမှကျွန်တော်တို့ ရှင်းရှင်းလင်းလင်းနဲ့ ဖော်ပြထားနိုင်ခြင်းမရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံတော်သမ္မတကနေပြီးတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်တွေကို ခန့်အပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် နာယကရဲ့ ရှေ့မှောက်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ တရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်တို့က ကျမ်းသစ္စာ၊ ကတိသစ္စာပြုတာကို ဆောင်ရွက်ကြရပါတယ်။ အဲဒီလိုပဲ တိုင်းဒေသကြီး၊ ပြည်နယ် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားသူကြီးတွေကိုလည်း နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်အပ်ပြီးတော့ အဲဒီ ရွေးချယ်ခန့်အပ်ခံရတဲ့ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားသူကြီးတွေအကုန်လုံးက တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌရဲ့ ရှေ့မှောက်မှာ ကျွန်တော်တို့ ကျမ်းသစ္စာကို ကျိန်ဆိုရပါတယ်။

အခု ၂၃(ဂ)(၂)အရ ကျွန်တော်တို့က ကျမ်းသစ္စာကို ကျိန်ဆိုဖို့အတွက် ဒီထဲမှာ ပြဋ္ဌာန်းထားတာက အမှုစစ်ဆေးစီရင်မယ့် တရားသူကြီးတွေက ကိုယ့်ဘာသာကိုယ် ကျမ်းသစ္စာ၊ ကတိသစ္စာပြုဖို့ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြချက်ဖြစ်နေပါတယ်။ ဒါဖြင့် အဲဒီကျမ်းသစ္စာကျိန်ဆိုရမယ့် တရားသူကြီးတွေက ဘယ်သူ့ရှေ့မှာ ကျွန်တော်တို့ ကျမ်းသစ္စာကို ကျိန်ရမလဲဆိုတဲ့ မေးခွန်းထုတ်စရာ ဆောင်ရွက်ရမယ့်ကိစ္စပေါ်ပါတယ်။ ခရိုင်တရားသူကြီးရဲ့ရှေ့မှာ ဒုတိယခရိုင်တရားသူကြီးက ကျိန်လို့ရပါတယ်။ မြို့နယ်တရားသူကြီး အထူးအာဏာရဲ့ရှေ့မှာ တွဲဖက်နဲ့ ဒုတိယမြို့နယ်တရားသူကြီးတွေ ကျွန်တော်တို့ ကျိန်လို့ရပါတယ်။

ဒါပေမဲ့ အထူးအာဏာနဲ့သွားတဲ့ မြို့နယ်တရားသူကြီးနှင့် တာဝန်ခံခရိုင်တရားသူကြီးတွေ ကျမ်းကျိန်ဖို့အတွက် ဘယ်အရှေ့မှာ ကျွန်တော်တို့ ကျမ်းသွားကျိန်ကြမလဲဆိုတဲ့ကိစ္စကလည်း မေးခွန်းထုတ်စရာ ကျွန်တော်တို့ ရှိနေပါတယ်။ အဲဒီအတွက်ကို နိုင်ငံတော် တံဆိပ်ရဲ့ရှေ့မှာပဲ ငါတို့တစ်တွေ ကျိန်လိုက်ကြရအောင်ကွာဆိုပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ ဖြစ်တန်ကောင်းဖြစ်ပါလိမ့်မယ်။ သို့သော် အခြားကျမ်းကျိန်၊ ကတိသစ္စာပြုဖို့ ဆောင်ရွက်တဲ့ ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှာ ကျမ်းကျိန်ရမှာတို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ဥက္ကဋ္ဌ တွေရဲ့ရှေ့မှာ ကျမ်းကျိန်ရမယ့်ကိစ္စမျိုးတွေကိုပါ နိုင်ငံတော်တံဆိပ်ကြီးရဲ့ရှေ့မှာ ဒီလိုပဲ ကျိန်လိုက်ရင် ဖြစ်မယ်ဆိုတဲ့ ပြဿနာမျိုးတွေပါ နောက်ပိုင်းမှာ ကျွန်တော်တို့ ဖြစ်လာရမယ့် အနေအထားမျိုးတွေဖြစ်တဲ့အတွက် ဥပဒေကြမ်းရဲ့ အပိုဒ် ၂ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် ၂ ကို ဒီဥပဒေမူကြမ်းကနေပြီးတော့ ပယ်ဖျက်သင့်ပါတယ်လို့ ဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၂:၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]